


ရှန်အောင်စာပေ(၂)

# တင်မောင်မြင့်

# ငွေတစ်မူးဖြင့်သိုက်တူးသူ

# A Kiss Before Dying

By

Ira Levin

# ပထမပိုင်း

## ဒေါ်ရိုသီ

### (၁)

သူ့အကြံအစည်တွေသည် အလွန်မတန် အဆင်ပြေ ချောမွေ့နေသည်။ ခုတော့ သည်အကြံ အစည်တွေကို သည်သူငယ်မက ဖျက်ဆီးခြေမွပစ်တော့မှာပါကလား။ အမုန်းတရားတွေသည် သူ့ ရင်ထဲတွင် ကြွတက်လာပြီး တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသည်။ ထိုအခါ သူ့မျက်နှာသည် တင်းမာလာ သည်။ အံကို တင်းတင်းကြိတ်ထားလိုက်သည်။ သို့ပေမဲ့ ကိစ္စမရှိ။ မီးတွေမှိတ်ထားသည် မဟုတ် လား။

နောက်ပြီး သူငယ်မ။ သူငယ်မက အမှောင်ထဲတွင် တိုးညင်းစွာ ရှိုက်ငိုနေသည်။ သူ့ရင်ခွင် တွင် ပါးအပ်ထားသည်။ သူငယ်မ၏ မျက်ရည်တွေနှင့် အသက်ရှူထုတ်သည့် အငွေ့တွေက ပူပူ လောင်လောင်။ သူက သူငယ်မကို ဆောင့်တွန်းပစ်လိုက်ချင်စိတ်တွေ ပေါက်နေသည်။

နောက်ဆုံးတွင်တော့ သူ့မျက်နှာကြောတွေ ပြေလျော့သွားသည်။ လက်တစ်ဖက်ဖြင့် သူငယ်မ ကို ရစ်သိုင်းလိုက်ပြီး ကျောပြင်ကို အသာအယာ ပွတ်သပ်ပေးနေသည်။ သူငယ်မ၏ ကျောပြင်သည် နွေးထွေးနေ၏။

သို့မဟုတ် သူ့လက်ကပဲ အေးစက်နေသည်လား။ စင်စစ် သူ့တစ်ကိုယ်လုံး အေးစက် နေခြင်းသာ ဖြစ်သည်ဟု သူသိလိုက်၏။ မမျှော်လင့်သည့် ဖြစ်ရပ်တစ်ခုကို မမျှော်လင့်သည့် အချိန် တွင် အမှတ်မထင် ကြုံတွေ့လိုက်ရသဖြင့် ကူကယ်ရာမဲ့ ဖြစ်နေသောအခါ ဖြစ်လေ့ဖြစ်ထ ရှိသည့် အတိုင်း သူ့ဒူးတွေ တဆတ်ဆတ်တုန်နေသည်။ ချိုင်းကြားတွင် ချွေးတွေ စိမ့်ထွက်နေသည်။ တုန်ယင်မှုတွေ အနည်ထိုင်သွားအောင် ခဏမျှ ငြိမ်ငြိမ်ကလေး လှဲနေလိုက်၏။ နောက် အားနေသည့် လက်တစ်ဖက်ဖြင့် စောင်ကိုဆွဲကာ သူငယ်မ၏ ပခုံးအထိ ရောက်အောင် လွှမ်းပေးလိုက်၏။ "ငိုနေ လို့ ဘာအကျိုးထူးမှာလဲကွယ်"ဟုလည်း ညင်သာစွာ ပြောလိုက်၏။

သူငယ်မက ကျိုးနွံစွာပင် ငိုရှိုက်နေခြင်းကို ကြိုးစားပြီး ရပ်လိုက်၏။ နောက်ပြီး စုတ်ပြဲနေပြီ ဖြစ်သော စောင်အနားကွပ်ဖြင့် မျက်လုံးအစုံကို သုတ်သည်။

"ခုဟာက အချိန်တွေ သိပ်ကြာသွားအောင် စောင့်နေခဲ့လို့ပါ။ သိနေတာ ရက်ပေါင်း တော်တော်ကြာနေပြီ။ မသေချာဘဲ မပြောချင်လို့"

သူငယ်မ ကျောပေါ်ရှိ သူ့လက်သည် ပိုမိုနွေးထွေးလာပြီ။

"မင်းဟာက သေကော သေချာရဲ့လားကွာ"

အိမ်ထဲတွင် မည်သူ တစ်ဦးတစ်ယောက်မျှ မရှိသည့်တိုင် သူက လေသံမျှဖြင့် မေးသည်။

"သေချာပါတယ်"

"ဘယ်နှလရှိပြီလဲ"

"နှစ်လလောက်တောင် ရှိသွားပြီ" သူငယ်မက ပါးပြင်ကို သူ့ရင်အုပ်ပေါ်မှ ခွာလိုက်၏။ သူငယ်မ၏ မျက်လုံးများသည် သူ့ကို ကြည့်နေကြောင်း မှောင်

နှင့် မည်းမည်းတွင် ခံစားသိရှိလိုက် သည်။ "ဘယ်လို လုပ်ကြမလဲဟင်"ဟု မေးသည်။

"ဆရာဝန်ကို မင်း နာမည်အမှန် ပေးမထားဘူး မဟုတ်လား။ ပြောထားလို့လား"

"ဟင့်အင်း။ ဒါပေမဲ့ လိမ်ပြောနေမှန်း သူကလည်း သိပါတယ်။ ရှက်စရာ ကောင်းလိုက်တာ"

"မင့် ဖေဖေ သိသွားရင်. . ."

သူငယ်မက ခေါင်းကို ငုံ့လိုက်ပြန်ပြီး သူ့ရင်ဘတ်နားကပ်ကာ မေးခွန်းကို ထပ်မေးပြန်သည်။ "ဘာလုပ်ကြမလဲဟင မောင်" နောက်ပြီး သူ့အဖြေကို ငံ့လင့်နေသည်။

***

သူက သူ့အနေအထားကို အနည်းငယ် ရွှေ့လိုက်၏။ ရွှေ့လိုက်သည့် အကြောင်းမှာ သူ ပြောမည့်စကားကို အထူး အလေးပေးချင်၍ တစ်ကြောင်း၊ သူ့ ရင်ဘတ်ပေါ်တွင် သူငယ်မ၏ ခေါင်း တင်ထားရာ အနေရ အထိုင်ရ ခက်လာသဖြင့် သူငယ်မ နေရာရွှေ့စေလို၍တစ်ကြောင်း ဖြစ်၏။

"နားထောင် ဒေါ်ရီ၊ မင်းက ကိုယ့်ကို ချက်ချင်း လက်ထပ်ကြမယ်ကွာ၊ မနက်ဖြန်ပဲ လက်ထပ်ကြစို့လို့ ပြောစေချင်တာ ကိုယ် သိပါတယ်။ ကိုယ်ကလည်း မင်းကို လက်ထပ်ချင်ပါတယ်။ ကမ္ဘာပေါ်မှာ အရာအားလုံးထက် ဒါကို ကိုယ် အလိုလားဆုံးပါ။ ဘုရားစူးရပါစေရဲ့ တကယ်ပါ"

ခဏမျှ နားလိုက်၏။ ပြောမည့် စကားလုံးတွေကို သေသေချာချာ ရွေးချယ်

နေသည်။ သူ့ ကိုယ်ခန္ဓာနှင့် ထိကပ်လျက် ကွေးကွေးကလေး အိပ်နေသည့် သူငယ်မ၏ ကိုယ်ခန္ဓာကလေးသည် လှုပ်ရှားမှုကင်းမဲ့လျက်။ သူ့စကားကို နားစွင့်လျက်။

"ဒါပေမဲ့ ကိုယ်က မင့်ဖေဖေနဲ့တောင် မျက်နှာချင်းမဆိုင်ဖူးသေးဘဲ ခုလို ကြီး လက်ထပ်လိုက် ကြပြီး နောက်ခုနစ်လကြာလို့ ကလေးလေးလည်း မွေးရောဆိုရင် မင့်ဖေဖေ ဘာလုပ်မလဲဆိုတာ သိတယ်မဟုတ်လား"

"သူ ဘာမှ မလုပ်နိုင်ပါဘူး" သူငယ်မက စောဒကတက်သည်။

"ဒေါ်ရီ ဆယ့်ရှစ်နှစ်ကျော်နေပြီ။ ဒီမှာ လိုအပ်တာက ဆယ့်ရှစ်နှစ်ပြည့်ရင် ပြီးနေတာပဲ။ သူ ဘာလုပ်နိုင်မှာတဲ့လဲ"

"ကိုယ်ပြောနေတာက လက်ထပ်ခွင့် ပယ်ဖျက်ပစ်တာလိုဟာမျိုးကို ပြော နေတာ မဟုတ်ဘူး"

"ဒါဆို ဘာလဲ။ မောင် ဘာဆိုလိုတာလဲဟင်"သူငယ်မက အသနားခံ နေသည်။

"ငွေလေ။ မင့်ဖေဖေဟာ ဘယ်လိုလူစားမျိုးလဲ ဒေါ်ရီ။ သူ့အကြောင်းတွေ မင်းကိုယ့်ကို ဘာတွေ ပြောပြခဲ့ဖူးသလဲ။ သူနဲ့ သူ့ရဲ့ မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားတွေ အကြောင်းလေ။ မင့်မေမေ ဟာ တစ်ချက်ကလေး ချွတ်ချော် တိမ်းစောင်းခဲ့တယ်။ ဒါကို နောက် ရှစ်နှစ်ကြာမှ သိရတဲ့ မင့် ဖေဖေ ဟာ မင့်မေမေကို ကွာရှင်းပစ်လိုက်တယ်လေ။ သူဟာ မင်းကိုရော၊ မင့်အစ်မတွေကိုပါ ငဲ့ညှာမှု လုံးဝ မရှိခဲ့ဘူး။ ချွတ်ယွင်းနေတဲ့ မင့်မေမေရဲ့ ကျန်းမာရေးကိုလည်း ငဲ့ညှာမှု လုံးဝမရှိခဲ့ဘူး။ ကဲ. . .မင်းကို ကော သူ ဘာ လုပ်မယ်ထင်သလဲ။ သူဟာ မင်း သက်ရှိထင်ရှား ရှိနေသေးတယ် ဆိုတာကို မေ့ပစ် လိုက်မှာပဲ။ မင်း ခြူးတစ်ပြားတောင် ရမှာမဟုတ်ဘူး"

"ဒီငွေတွေ ဒေါ်ရီ မမက်မောပါဘူး" သူငယ်မ အားတက်သရော ပြောသည်။

"မက်မောနေလိမ့်မယ်လို့ မောင် ထင်လို့လား"

"ဒါပေမဲ့ ကိုယ် မက်မောတယ် ဒေါ်ရီ"

သူ့လက်သည် သူငယ်မ၏ ကျောပြင်ကို ပွတ်သပ်ပေးနေပြန်သည်။

"ကိုယ့်အတွက် မဟုတ်ဘူး။ ကိုယ့်အတွက်မဟုတ်ဘူးဆိုတာ ကိုယ်ကျိန်ဝံ့ပါတယ်။ ဒါပေမဲ့ မင့်အတွက်ပါ။ ကိုယ်တို့ ဘာဖြစ်ကုန်ကြမလဲသိလား။ နှစ်ယောက်စလုံး ကျောင်းထွက်ကြရမယ်။ မင်းက ကလေးထိန်းဖို့၊ ကိုယ်က အလုပ်လုပ်ဖို့။ ဒီတော့ ကိုယ်က ဘာလုပ်ရမလဲ။ ကောလိပ်မှာ နှစ်နှစ်တက်ပြီး ဘွဲ့မရဘဲ ထွက်လာတဲ့ ငနဲတစ်ကောင်လေ။ ကိုယ် ဘာလုပ်ရမလဲ။ စာရေးလား။ ဒါမှမဟုတ် အထည်စက်ရုံဖြစ်ဖြစ်၊ တခြား တစ်နေရာမှာဖြစ်ဖြစ် ဆီလောင်းတဲ့ကောင် လုပ်မလား"

"ဘာပဲဖြစ်နေဖြစ်နေ အကြောင်းမဟုတ်ပါဘူး မောင်ရယ်"

"အကြောင်း သိပ်ဟုတ်တာပေါ့၊ ဘယ်လောက် အကြောင်းဟုတ်သလဲ ဆိုတာကို မင်းမသိ ဘူးနော်။ မင်းဟာ ခုမှ ဆယ့်ကိုးနှစ်ပဲ ရှိသေးတာ။ ပြီးတော့ မင့်တစ်သက်လုံး ငွေပုံပေါ် ထိုင်လာခဲ့ရ တာ။ အဲဒီငွေမရှိရင် ဘယ်လိုနေတယ်ဆိုတာ မင်းမသိဘူး။ ကိုယ်ကသိတယ်။ ကိုယ်တို့နှစ်ယောက် ဟာ တစ်နှစ်လောက်အတွင်း တစ်ယောက်လည်ပင်း တစ်ယောက် ထညှစ်မိကြလိမ့်မယ်"

"ဟင့်အင်း၊ ဟင့်အင်း။ ဒေါ်ရီနဲ့မောင် ဒီလိုတော့ မဖြစ်နိုင်ပါဘူး"

"ထားလိုက်ပါ၊ ကိုယ်တို့နှစ်ယောက်ဟာ အချစ်သည်းလွန်းလို့ တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆ မဖြစ်ပါဘူးတဲ့။ ဒီတော့ ကိုယ်တို့

ဘယ်မှာနေကြမလဲ။ နံရံမှာ စက္ကူတွေ ကပ်ထားရ တဲ့ အခန်းမျိုးမှာ နေမလား။ တစ်ပတ်မှာ ခုနစ်ရက်တိတိ ဆီချက်ခေါက်ဆွဲပဲ စားနေမလား။ မင်းအဲဒီလို စားသောက်နေထိုင်ရတာ ကိုယ်မြင်တွေ့ရနေပြီး ဒါဟာလည်း ကိုယ့်ချို့ယွင်းချက်ကြောင့် ဆိုတာ သိနေရရင်. . ." တဒင်္ဂမျှ နားနေသည်။ ထို့နောက် လေပြေကလေးဖြင့် အဆုံးသတ်စကားကို ဆိုလိုက်၏။ "ကိုယ်တော့ အသက်အာမခံငွေရဖို့အတွက် ကားရှေ့လှဲအိပ်လိုက်မိမှာပဲ"

သူငယ်မသည် ထပ်မံ ရှိုက်ငိုနေပြန်သည်။

သူက မျက်လုံးအစုံကိုမှိတ်ကာ လွမ်းမောစွာ ပြောနေသည်။ တစ်ဖက်သား၏စိတ်ကို ညှို့ငင် ဆွဲဆောင်နိုင်အောင် စကားလုံးများကို ဆွဲဆွဲငင်ငင် ပြောနေသည်။

"ကိုယ်တို့ကိစ္စကို ကိုယ်က လှလှပပကြီး စီစဉ်ထားတာ။ ဒီနွေမှာ နယူးယောက်ကို ကိုယ်လာ မယ်။ မင်းက မင့်ဖေဖေနဲ့ မိတ်ဆက်ပေးမယ်။ ကိုယ့်ကို သူသဘောကျအောင် လုပ်နိုင်ပါတယ်။ မင်းက ကိုယ့်ကို ကြိုပြောထားမယ်။ သူဘာတွေ စိတ်ဝင်စားတတ်သလဲ။ သူ့အကြိုက်တွေက ဘာလဲ၊ သူ မကြိုက်တာတွေက ဘာတွေလဲ. . ."စကားဖြတ်လိုက်သည်။ ပြီးမှဆက်၍ "ဘွဲ့ရပြီးတဲ့အခါ ကိုယ်တို့ လက်ထပ်ကြမယ်။ ဒါမှမဟုတ်လည်း ဒီနွေမှာပေ့ါ။ ကျန်တဲ့ နှစ်နှစ်အတွက် ကျောင်းဆက် တက်ဖို့ ဒီကို ပြန်လာကြမယ်ပေ့ါလေ။ ကိုယ်ပိုင်အခန်းလေး ငှားနေကြမယ်။ တက္ကသိုလ်ပရဝဏ် နားမှာလေ"

သူငယ်မက ခေါင်းကို သူ့ရင်ဘတ်ပေါ်မှ ခွာလိုက်၏။ "မောင် ဘာလုပ်ချင်နေတာလဲဟင်"ဟု ခယဝယ စကားဆိုသည်။ "ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲလို့"

"အဲဒီအတိုင်း အောင်မြင်ခဲ့ရင် ဘယ်လောက် ပျော်စရာကောင်းမယ်၊

ကြည်နူးစရာ ကောင်းမယ်ဆိုတာ မင်း သိစေချင်လို့ပါ"

"သိပါတယ်။ ဒေါ်ရီ မသိဘူးလို့ မောင်ထင်နေလို့လား"

ရှိုက်သံကြောင့် သူငယ်မ၏ စကားလုံးတွေ မပီမသ ဖြစ်နေ၏။

"ဒါပေမဲ့ ဒေါ်ရီ့မှာ ကိုယ်ဝန်ရှိနေပြီလေ။ ကိုယ်ဝန်နှစ်လ ရှိနေပြီ မောင်ရဲ့"

စောစောက သတိမပြုမိခဲ့သော မော်တော်ကားသံတွေ ရုတ်တရက် ရပ်တန့်သွားသည့်အလား ငြိမ်တိတ်နေ၏။

"မောင်. . .မောင် ဒီကိစ္စကို ခေါင်းရှောင်ဖို့ ကြိုးစားနေတာလား ဟင်။ မျက်နှာလွှဲတော့မလို့ လား။ အဲဒီလိုလုပ်ဖို့ မောင် ကြိုးစားနေတာလားလို့"

"ဒုက္ခပါပဲ ဒေါ်ရီရယ်။ မဟုတ်ရပါဘူး"သူက သူငယ်မ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူငယ်မမျက်နှာနှင့် သူ့မျက်နှာ ကပ်သွားသည်အထိ ဆွဲတင်လိုက်သည်။

"မဟုတ်ရပါဘူးကွယ်"

"ဒါဆို မောင် ကျွန်မကို ဘာတွေ ပြောနေတာလဲ။ ကျွန်မတို့ ခုချက်ချင်း လက်ထပ်ကြမှ ဖြစ်မှာပေ့ါ။ ကျွန်မတို့မှာ ရွေးစရာလမ်းမှ မရှိတော့ပဲ"

"ကိုယ်တို့မှာ ရွေးစရာလမ်း တစ်လမ်း ရှိနေပါသေးတယ် ဒေါ်ရီရယ်"

***

သူ့ကိုယ်နှင့်ကပ်နေသော သူငယ်မ၏ ကိုယ်ခန္ဓာကလေး တောင့်တောင့်ကြီး ဖြစ်သွားသည်ကို သတိပြုမိလိုက်၏။

သူငယ်မသည် "ဟင့်အင်း"ဟူသော အာမေဋိတ်သံကို ထိတ်လန့်တကြား ရေရွတ်လိုက်၏။ နောက် ခေါင်းကလေးကို ဘယ်ညာ ပျာပျာသလဲ ခါနေ၏။

"နားထောင်ဦး ဒေါ်ရီ" သူငယ်မ၏ ပခုံးသားတွေကို လက်နှစ်ဖက်ဖြင့် ကိုင်ထားရင်း သူက တောင်းပန်နေသည်။ "ခွဲဖို့ စိတ်ဖို့ မလိုပါဘူးကွယ်။ အဲဒီလို ကိစ္စမျိုးတွေ မဟုတ်ပါဘူး" သူက သူငယ်မ၏ မေးစေ့ကို လက်တစ်ဖက်ဖြင့် ဖမ်းကိုင်လိုက်၏။ လက်ချောင်းတွေက ပါးပေါ်မှာ။ ခေါင်းကို မလှုပ်သာအောင် ကိုင်ထားသည်။ "နားထောင်ဦး" သူငယ်မ၏ ပြင်းထန်သော အသက်ရှူ သံတွေ ငြိမ်သွားသည်အထိ စောင့်နေလိုက်သည်။

"တက္ကသိုလ်ဝင်းထဲမှာ ဟာမီဂေါ့ဆင်းဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူ့ ဦးလေးက သုံးဆယ့် လေးလမ်းမှာ ဆေးဆိုင်ဖွင့်ထားတယ်။ ဟာမီကလည်း ရောင်းတယ်။ သူ့ဆီမှာ ဆေးလုံးတွေ ရနိုင် တယ်"

သူငယ်မ၏ မေးစေ့ကို ကိုင်ထားရာမှ လွှတ်ပေးလိုက်သည်။ သူငယ်မ နှုတ်ဆိတ်နေ၏။

"သိတယ် မဟုတ်လား ကလေးရယ်။ ကိုယ်တို့ စမ်းကြည့်ရမှာပဲ။ ခုဟာက သိပ်အရေးကြီး နေတယ်လေ"

"ဆေးလုံးတွေ"

သူငယ်မက ဝေါဟာရအသစ်တစ်လုံးကို စမ်းတဝါးဝါး ရေရွတ်နေသည့် အလား ရွတ်ဆိုနေ ၏။

"ကိုယ်တို့ စမ်းကြည့်ရမယ်။ အောင်မြင်သွားရင် ဘယ်လောက် အဆင်ပြေ လိုက်မလဲကွယ်"

သူငယ်မသည် ဆောက်တည်ရာမဲ့စွာ ခေါင်းကို ယမ်းလိုက်သည်။

"ဒုက္ခပါပဲ။ ဒေါ်ရီလည်း မသိတော့ဘူး"

သူ့လက်များဖြင့် သူငယ်မကို ပွေ့ပိုက်လိုက်ပြန်သည်။

"ကလေးမရယ်၊ ကိုယ် မင်းကို သိပ်ချစ်ပါတယ်။ မင်း ဒုက္ခရောက်မယ့် ကိစ္စမျိုးကို ကိုယ် မလုပ်ခိုင်းပါဘူးကွယ်"

သူငယ်မကလေးသည် သူ့အပေါ်သို့ အရုပ်ကြိုးပြတ် ကျလာသည်။ သူ့ပခုံးကို ခေါင်းနှင့် တိုက်မိသည်။

"မသိတော့ဘူး၊ ဒေါ်ရီ ဘာလုပ်ရမှန်း မသိတော့ပါဘူး ရှင်ရယ်"

"အဲဒါဆို သိပ်ပျော်စရာကောင်းမှာ"

သူ့လက်တွေ ပွေ့ဖက်ထားဆဲ။

"ကိုယ်တို့ ကိုယ်ပိုင်အခန်းကလေးနဲ့။ အိမ်ရှင်မိန်းမကြီး ရပ်ရှင်သွားမယ့် အချိန်မျိုး ချောင်းမနေရတော့ဘူး"

နောက်ဆုံးတွင် သူငယ်မက-

"အဲဒါတွေကကော အလုပ်ဖြစ်လိမ့်မယ်လို့ မောင် ဘယ်လိုလုပ် ပြောနိုင်မလဲ။ အလုပ်မဖြစ် ရင် ဘယ့်နှယ်လုပ်မလဲ"

သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

"တကယ်လို့ အလုပ်မဖြစ်ဘူးဆိုရင်..."

သူငယ်မ၏ နဖူးကလေးကိုနမ်းသည်။ နောက် ပါးပြင်။ နောက် နှုတ်ခမ်းထောင့်စွန်းကလေး။

"တကယ်လို့ အဲဒီဆေးလုံးတွေနဲ့ အလုပ်မဖြစ်ရင် ကိုယ်တို့ တစ်ခါတည်း လက်ထပ်လိုက် မယ်။ အဲဒီအခါကျတော့ မင့် ဖေဖေရော၊ ကင်းရှစ်ကြေးနီကုမ္ပဏီကြီးကိုပါ ဂရုစိုက်မနေတော့ဘူး။ ဘုရားစူးရပါစေ့၊ ကိုယ် လက်ထပ်ပါ့မယ် ကလေးမရယ်"

'ကလေးမ'ဟု ခေါ်သည်ကို သူငယ်မ သိပ်သဘောကျမှန်း သိထားသည်။

သည့်မိန်းကလေး ကို သူ့ရင်ခွင်ထဲတွင် ပွေ့ပိုက်ထား။ နောက်ပြီး ‘ကလေး မ’ဟုခေါ်။ သူ သည်လိုလုပ်ပြီဆိုလျှင် သူငယ်မသည် ဘာမဆို စေခိုင်း၍ရ သည်။ ဤသို့ ချော့၍ရသည်မှာ ဖခင်ဖြစ်သူက ခပ်စိမ်းစိမ်း ဆက်ဆံခြင်းခံရ သည့် မိန်းကလေးဖြစ်သောကြောင့်ဟု သူက ယူဆထား၏။ သည်သို့ ဆက်ဆံရမည် ဆိုသည်ကိုလည်း သူ ကြိုတင်စဉ်းစားထားခဲ့သည်လေ။

***

သူက သူငယ်မကို ညင်ညင်သာသာကလေး ဆက်နမ်းနေသည်။ စကားပြောသောအခါ လေသံနှိမ့်ပြီး တယုတယပြောသည်။ တဒင်္ဂမျှ ကြာ သောအခါ သူငယ်မ တည်တည်ငြိမ်ငြိမ် ဖြစ်လာ သည်။ လိုက်လိုက်လျော လျောဖြစ်လာသည်။

စီးကရက်တစ်လိပ်ကို မျှဝေသောက်ကြသည်။ ဒေါ်ရိုသီက ဆေးလိပ်ကို သူ့အမျိုးသားပါးစပ် တွင် အရင်တပ်ပေးသည်။ ပျော့ပျောင်းသော ရွှေဝါ ရောင်ဆံပင်တွေနှင့် ညိုမောင်းသော မျက်လုံးအစုံ ပေါ်သို့ ဆေးလိပ်မီး ရောင်ကလေး ရဲခနဲ ရဲခနဲ လက်လာသောအခါတွင်မှ သူငယ်မ ယူသောက် သည်။

သူငယ်မက မီးစွဲနေသည့် စီးကရက်အဖျားကို သူတို့ဘက်လှည့်ကာ စက်ဝိုင်းပုံစံကလေးတွေ လှည့်သည်။ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်ဖြင့် ညအမှောင်ထဲတွင် လိမ္မော်ရောင်စက်ဝိုင်း မျဉ်းကလေးတွေ ရေးခြယ် နေသည်။ "ဒီနည်းနဲ့ လူတစ်ယောက်ကို အိပ်မွေ့ချလို့ ရနိုင်တယ်"ဟု လည်း ပြောသည်။

ထို့နောက် စီးကရက်ကို သူ့အမျိုးသား မျက်စိရှေ့တွင် ဝှေ့ယမ်းနေသည်။ ဆေးလိပ်မီးရောင် မှိန်ပျပျထဲတွင် သူငယ်မ၏ လက်ချောင်းသွယ်သွယ် ကလေးတွေ ညက်ညောစွာ လှုပ်ရှားနေသည်။ ထို့နောက် နှုတ်ခမ်းကို အမျိုးသား၏ အနားတွင် ကပ်လျက် "မင်းဟာ ငါ့ရဲ့ကျေးကျွန်"ဟု ပြောနေသည်။ "မင်းဟာ ငါ့ရဲ့ကျေးကျွန်။ ပြီးတော့ မင်းဟာ ငါ့ရဲ့ အာဏာစက် အောက်မှာ လုံးဝဥဿုံ ရောက်နေပြီ။ ငါစေခိုင်းသရွေ့ မင်း လိုက်နာရမယ်" သူငယ်မ ပြောနေသည်မှာ ချစ်စဖွယ်ကောင်း လွန်းလှသဖြင့် သူ မပြုံးဘဲ မ နေနိုင်တော့။

စီးကရက်တစ်လိပ် သောက်ပြီးသွားသောအခါ သူက သူ့လက်မှ ညကြည့် နာရီကို ကြည့်လိုက် ၏။ အမျိုးသမီး၏ မျက်နှာရှေ့တွင် လက်ကို ဝှေ့ယမ်း နေရင်း အမျိုးသမီးပြောသည့် လေသံမျိုးဖြင့် "မင်း အင်္ကျီအဝတ်အစား ဝတ် ရတော့မယ်။ မင်း အင်္ကျီအဝတ်အစား ဝတ်ရတော့မယ်။ ဘာလို့ဆို ခု ဆယ် နာရီနဲ့ မိနစ်နှစ်ဆယ်ရှိနေပြီ။ ဘာလို့ဆို အဆောင်ကို ဆယ့်တစ်နာရီအ ရောက် ပြန်ရမှာမို့"

***

# (၂)

သူ့ကို မက်ဆာချူးဆက်ပြည်နယ်၊ ဖောလ်ရစ်ဗားမြို့၏ ဆင်ခြေဖုံးရပ်ကွက် မင်နာဆက်တွင် မွေးဖွားသည်။ တစ်ဦးတည်းသော သားကလေးကို မွေးထားသည့် သူ့ဖခင်သည် ဖောလ်ရစ်ဗားမြို့ရှိ အထည်စက်ရုံတစ်ရုံမှ ဆီလောင်းလုပ်သားတစ်ဦး။ သူတို့ အိမ်ထောင်တွင် တစ်ခါတစ်ရံ ငွေကြေးကျပ်တည်းပြီဆိုလျှင် သူ့မေမေသည်လည်း အဝတ်အစားများ ချုပ်သည့်အလုပ်ကို လုပ်ရ၏။ သူတို့ သည် အင်္ဂလိပ်အနွယ်များဖြစ်ပြီး ပြင်သစ်သွေးရောသူများ ဖြစ်၏။ သူတို့နေထိုင်ရာအရပ်မှာ ပေါ်တူ ဂီလူမျိုးများ ထူထပ်စွာနေထိုင်သော အရပ်ဖြစ်၏။ သည်အရပ်တွင် နေထိုင်ရသည့်အတွက် သူ့ဖေဖေ က ဂရုမစိုက်သော်လည်း သူ့မေမေကတော့ ဂရုစိုက်သည်။ သူ့မေမေသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခဲ့ပြီး အိမ်ထောင်ရေးကို နာကြည်း စိတ်ဆင်းရဲနေသူ ဖြစ်သည်။ သူ့ခင်ပွန်းသည်လည်း ဆီလောင်းအလုပ်သမားတစ်ဦးထက် အဆင့်အတန်းမြင့်သည့် အလုပ်ကို ရလိမ့်မည်ဟု မျှော်မှန်း ထားခဲ့သည်။

သူ့ ရုပ်ဆင်းအင်္ဂါသည် ချောမောပြေပြစ်ကြောင်း သူ့ကိုယ်သူ ငယ်ငယ်ရွယ်ရွယ်ကတည်းက သိခဲ့လေသည်။ တနင်္ဂနွေနေ့များတွင် လာရောက်လည်ပတ်ကြသော ဧည့်သည်များသည် သူ၏ ရွှေဝါ ရောင် ဆံပင်များကိုလည်းကောင်း၊ ကြည်လင်ပြာလဲ့သော မျက်လုံးကလေးများကိုလည်းကောင်း ကြည့်ပြီး အံ့သြချီးမွမ်းတတ်ကြသည်။ သို့ရာတွင် သူ့ဖေဖေ

ကတော့ ခပ်ပေါ့ပေါ့ပင် ညွှန်ကြားသည်တော် များကို ခေါင်းယမ်းပြလေ့ရှိသည်။ အင်္ကျီအဝတ်အစားများနှင့် ပတ်သက်၍ သူ့မေမေက အချိန်ကုန် ငွေကုန်ခံပြီး ဂရုတစိုက် ဆင်ယင်ပေးလေ့ရှိ၏။ သည်ကိစ္စနှင့်ပတ်သက်ပြီး လင်မယားနှစ်ယောက် မကြာမကြာ အချေအတင် အငြင်းပွားကြရလေသည်။

သူ့မေမေက သူ့ကို အနီးအနား ပတ်ဝန်းကျင်မှ ကလေးတွေနှင့် ရောနှောကစားခွင့် မပြုခဲ့။ ထို့ကြောင့်ပင် ကျောင်းတက်ခါစက သူ့မှာ အပေါင်းအသင်းမဆံ့ဘဲ သိမ်ငယ်စိတ်တွေ ဝင်ခဲ့ရသည်။ သူ့ခမျာ ကျောင်းသားအုပ်ကြီးအတွင်းတွင် ရုတ်တရက် ကြောင်တောင်တောင် ဖြစ်နေရှာသည်။ သူသည် အင်္ကျီအဝတ်အစားကို သေသပ်ကျနစွာ ဝတ်ဆင်တတ်သဖြင့်လည်းကောင်း၊ ရွှံ့ဗွက်ရေအိုင် များကို ဂရုတစိုက် ရှောင်ရှားတတ်သဖြင့် လည်းကောင်း တခြားကျောင်းသားတွေက ဝိုင်းဝန်း ရယ်မောလှောင်ပြောင်ခြင်း ခံခဲ့ရသည်။ နောက်ဆုံး မခံမရပ်နိုင်လွန်းလို့ တစ်နေ့တွင်တော့ လှောင်ပြောင်သူ အုပ်စုခေါင်းဆောင်ဆီသို့သွားပြီး ထိုသူ၏ ရှူးဖိနပ်ပေါ်သို့ ပက်ခနဲ တံတွေးထွေးချ လိုက်၏။ နောက်ဆက်တွဲပေါ်ပေါက်လာသော ရန်ပွဲကား ခဏမျှသာ ကြာ၏။ သို့သော် တော်တော်ကြမ်းသည်။ ပွဲအသိမ်းတွင်မူ အုပ်စုခေါင်းဆောင်သည် သူ့အောက်တွင် ပက်လက်လန်နေတော့၏။ သူက အုပ်စုခေါင်းဆောင်၏ ရင်ဘတ်ပေါ်တွင် ဒူးနှစ်ချောင်းစလုံး ထောက်ထားသည်။ နောက်ပြီး အုပ်စုခေါင်းဆောင်၏ ခေါင်းကို မြေကြီးနှင့် ကိုင်ဆောင့်သည်။ ဆရာတစ်ယောက်က ပြေးလာပြီး ရန်ပွဲကို ဖျန်ဖြေလိုက်ရသည်။ ထိုရန်ပွဲ၏ နောက်ပိုင်းတွင် အစစအရာရာ အဆင်ပြေသွားတော့၏။ သူက အုပ်စုခေါင်းဆောင်လုပ်သူကို သူ့သူငယ်ချင်းအဖြစ်ပင် လက်ခံ အသိအမှတ်ပြုလိုက်လေသေး သည်။

ကျောင်းစာတွေတွင် သူ အမှတ်ကောင်းကောင်းရသည်။ သည်အတွက် သူ့မေမေသည် ဂုဏ်ယူမဆုံး ဖြစ်နေတတ်သည်။ ယုတ်စွအဆုံး သူ့ဖေဖေ၏ စိတ်မပါ့တပါ ချီးမွမ်းသံများကိုပင် ရယူ နိုင်ခဲ့သည်။ အတန်းထဲတွင် စာတော်သော်လည်း အကျည်းတန်တန် ကောင်မလေးတစ်ယောက်ဘေး တွင် သူထိုင်ခွင့်ရသောအခါ သူ့အမှတ်တွေ ပို၍ပင် ကောင်းလာသည်။ ချောင်ကြိုချောင်ကြား လူလစ် သည့် နေရာများတွင် အနမ်းလက်ဆောင် ပေးတတ်သည့် သူ့ကို ကောင်မလေးက စွဲလမ်းနေရှာသည်။ ထိုအခါ စာမေးပွဲများတွင် ကောင်မလေးက အဖြေလွှာများကို သူ မကြည့်သာအောင် ဖုံးအုပ်ထားခြင်း မပြုတော့။

အချိန်တန် အရွယ်ရောက်၍ မိန်းကလေးတွေနှင့် အပြင်ထွက်လည်ပတ် တတ်ပြီဆိုသောအခါ သူသည် မြို့ပေါ်ရှိ လူကုံထံအလွှာထဲမှ မိန်းကလေး တွေနှင့်သာ တွဲလေ့ရှိသည်။ ထိုအခါ သူ့အသုံး စရိတ်နှင့် သူ့အဝတ်အစား စရိတ်များအတွက် မိဘနှစ်ပါးမှာ အချေအတင် စကားများကြရပြန်သည်။ သို့ရာတွင် သိပ်ရှည်ရှည်ဝေးဝေး မပြောကြရ။ သူ့ဖေဖေသည် ကနဦးကပင် ပြင်းပြင်းထန်ထန်ကြီး ကန့်ကွက်ခြင်း မပြုသောကြောင့်ပင်။ သူ့မေမေကတော့ သူမိန်းမယူလျှင် လူချမ်းသာ၏ သမီးကိုသာ အရယူဖို့ စတင် စကားဆိုလာသည်။ သည်စကားကို သူ့မေမေက ရယ်ရွှန်းဖတ်ရွှန်း ပြောခဲ့ခြင်းသာ ဖြစ်၏။ သို့တစေ မကြာမကြာဆိုသလို ပြောခဲ့လေသည်။

အထက်တန်းကျောင်းသို့ ရောက်သောအခါ အတန်းထဲတွင် သူသည် အတန်းခေါင်းဆောင် ဖြစ်ခဲ့သည်။ စာသင်နှစ် ကုန်သောအခါ အဆင့်သုံးရပြီး စာမေးပွဲအောင်ခဲ့သည်။ သင်္ချာနှင့် သိပ္ပံ ဘာသာများတွင် ဂုဏ်ထူးရခဲ့သေးသည်။ အဆိုပါ စာသင်နှစ် ကျောင်းမှတ်တမ်းစာအုပ်ထဲတွင် သူ့ကို အကအတော်ဆုံး၊ အကျော်ကြားဆုံးနှင့် ကြီးပွားရန် အလားအလာအရှိဆုံး

ကျောင်းသားအဖြစ် မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။ သည်အတွက် သူ့မိဘများက ညည့်ခံပွဲတစ်ခု ပြုလုပ်ပေးသည်။ ညည့်ခံ ပွဲသို့ ကြေးရတတ်အလွှာမှ လူငယ်အများအပြား လာရောက်ခဲ့ကြလေသည်။

ရက်သတ္တပတ်နှစ်ပတ်မျှ ကြာသောအခါ သူ့အား စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်း ခံရတော့၏။

***

အခြေခံ စစ်သင်တန်းကျောင်းသို့ ရောက်ပြီး ပထမရက်ပိုင်းများတွင် သူသည် ကျောင်းတုန်း က ရရှိခဲ့သော အောင်မြင်မှုအရှိန်ဖြင့် ဆက်ပြီး ဝင့်ထည်နေခဲ့သေးသည်။ သို့ရာတွင် လက်တွေ့ဖြစ်ရပ် များက သူ့အရေခွံကို ခွာချပစ်လိုက်တော့၏။ စစ်တပ်၏ ကျောသားရင်သား မခွဲသည့် အုပ်ချုပ်ရေးစနစ်က သူ၏ စိတ်နေမြင့်မှုကို ဦးချိုးပစ်လိုက်သည်မှာ ကျောင်းနေခါစ အချိန်က ကြုံတွေ့ရသည့် အခြေထက် အဆထောင်ပေါင်းများစွာ သာလွန်နေကြောင်း တွေ့ရှိရသည်။ နောက်ပြီး သည်မှာက တပ်ကြပ်ကြီးဆီသွားပြီး ဖိနပ်ပေါ်သို့ တံတွေးထွေးချလိုက်ပါလျှင် သူ တစ်သက်လုံး အချုပ်ခံနေရမည်လား မသိ။ ခုတော့ သူသည် ကာတွန်းလောက်၊ ရုပ်ပြလောက်သာ ဖတ်သည့် လူကြမ်း၊ လူရိုင်း၊ ငတုံးတွေအလယ် ရောက်နေပြီ။ သူ့ကို သည်လို စစ်တပ်ထဲရောက်အောင် ဖန်တီးခဲ့သည့် စနစ်ကို သူက ကျိန်ဆဲနေမိသည်။ နောက်တော့ သူလည်း ရုပ်ပြတွေပဲ ဖတ်တော့၏။ သည်သို့ ဖတ်ရသည်မှာ သူ ယူလာခဲ့သည့် 'အင်နာကရယ်နီနာ'စာအုပ်ကို ဖတ်နိုင်လောက်အောင် အာရုံစုစည်းခွင့်မရသော ကြောင့် ဖြစ်၏။ တချို့လူတွေကို မိတ်ဆွေဖွဲ့၏။ သူတို့ကို စားသောက်ဆိုင်တွင် ဘီယာ ဝယ်တိုက်၏။ နောက်ပြီး အရာရှိတွေ

အကြောင်း ညစ်ညမ်းသည့် ဇာတ်လမ်းတွေထွင်ပြီး ပြော၏။ မဟုတ်တရုတ် ဟာသဇာတ်လမ်းတွေ လုပ်ကြံပြီး ပြော၏။ ဆည်းပူးလေ့လာသင်ယူသည့် အရာမှန်သမျှနှင့် လုပ်ကိုင် ဆောင်ရွက်သင့်သည့် အရာမှန်သမျှကိုပင် အပြစ်မြင်စိတ်ဖြင့် ရှုမြင်သုံးသပ်လာတော့၏။

ဆန်ဖရန်စစ္စကိုမှ သင်္ဘောဖြင့် ထွက်လာပြီး ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကူးနေသည့် ခရီး တစ်လျှောက်လုံး သူသည် အော့အန်လာ၏။ ဤသို့ ဖြစ်ရခြင်းတွင် လှိုင်းမူးသည့်ဒဏ်သည် တစ်စိတ် တစ်ပိုင်းမျှသာ ပါကြောင်း သူ သိနားလည်ထား၏။ ထိုစဉ်က အသတ်ခံရတော့မည်ဖြစ်ကြောင်း သူ့ ကိုယ်သူ ကျိန်းသေ စွဲမှတ်ထားခဲ့လေသည်။

***

ဂျပန်တွေ တစ်စိတ်တစ်ပိုင်း သိမ်းထားသည့် ကျွန်းပေါ်သို့ ရောက်သွားသောအခါ သူသည် သူ့တပ်ဖွဲ့နှင့် ကွဲသွားခဲ့သည်။ ငြိမ်သက် တိတ်ဆိတ်နေသည့် တောကြီးမျက်မည်းထဲတွင် ထိတ်ထိတ် လန့်လန့်ဖြင့် ရပ်နေမိ၏။ မည်သည့်ဘက်သို့ သွားလျှင် ဘေးအန္တရာယ်မှ လွတ်ကင်းမည် ဆိုသည်ကို သူ မသိ။ သို့ဖြင့် ကြံရာမရဘဲ ဟိုဘက်သွားလိုက်၊ သည်ဘက်သွားလိုက် ဖြစ်နေသည်။ ထိုအခိုက်တွင် ရိုင်ဖယ်သံတစ်ချက် ထွက်လာသည်။ ကျည်ဆန်သည် သူ့နားရွက်ဘေးမှ ရှီခနဲ ဖြတ်ပြေးသွားသည်။ တောကျီးကန်းအော်သံတွေသည် လေထုကို ထွင်းဖောက်ပေါ်ပေါက်လာသည်။ ဝမ်းလျားမှောက်ချ လိုက်ပြီး ချုံပုတ်တစ်ခုအောက်သို့ လိမ့်ဝင်သွားသည်။ ထိုတဒင်္ဂသည် သူ သေရတော့မည့် တဒင်္ဂဟု ကံသေကံမ တွက်လိုက်မိ၏။

ငှက်အော်သံတွေ တဖြည်းဖြည်း ပျောက်ကွယ်ပြီး တိတ်ဆိတ်သွား ပြန်သည်။ ဟိုးသစ်ပင် ထိပ်ဖျားတွင် ဖျတ်ခနဲ လက်သွားသည်ကို တွေ့လိုက် ရသည်။ သို့ဖြင့် ရန်သူ လက်ဖြောင့်တပ်သား ရှိနေသည့် နေရာကို သူ သိ လိုက်ရသည်။ သူသည် ချုံပုတ်တွေ အောက်တွင် တရွေ့ရွေ့ တိုးသွားသည်။ ရိုင်ဖယ်သေနတ်ကို လက်တစ်ဖက်ဖြင့် ဆွဲလာသည်။ သူ့တစ်ကိုယ်လုံး အေး စက်နေသည်။ ချွေးတွေ ရွှဲနစ်နေသည်။ ဒူးတွေ တဆတ်ဆတ်တုန်နေ၏။ သူ့အောက်မှ သစ်ရွက်ချင်း ပွတ်တိုက်သံကို ဂျပန် တပ်သား ကြားသွားလေ မည်လားဟု တွေးပူနေမိ၏။ ရိုင်ဖယ်သေနတ်သည် မသယ်နိုင်လောက် အောင် လေးလံလွန်းလေစွ။

နောက်ဆုံး ဂျပန်ရှိနေသည့် သစ်ပင်နှင့် ပေနှစ်ဆယ်မျှသာ ဝေး တော့သည်။ မော့ကြည့်လိုက် သည်။ သစ်ပင်ခွကြားတွင် ထိုင်နေသည့် ရန်သူကို မြင်နေရပြီ။ ရိုင်ဖယ်ကို အသာမလိုက်၏။ ချိန်သည်။ ပစ်သည်။ ငှက်အော်သံတွေ စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ သစ်ပင်ကြီးက ငြိမ် သက်နေ မြဲ။ ထို့နောက် ရိုင်ဖယ်တစ်လက် ရုတ်တရက် ပြုတ်ကျလာသည်။ တပ်သားသည် နွယ်ပင်တွေပေါ်သို့ ကိုးရိုးကားရား လျှောကျလာသည်။ မြေကြီးပေါ်သို့ ရောက်သောအခါ ရန်သူ့လက်တွေသည် လေထဲ တွင် မြှောက်လျက်။ ခပ်ပုပု ဂျပန်လေး။ တစ်ကိုယ်လုံးကို သစ်ခက်၊ သစ်ရွက်တွေ ဖြင့် အကျည်းတန် စွာ ရပ်ဖျောက်ထားသည်။ နှုတ်ခမ်းနှစ်မွှာသည် တ ဆတ်ဆတ် တုန်နေ၏။ သွားချင်း ရိုက်ခတ်သံ တခွပ်ခွပ် ပေါ်ထွက်နေသည်။

ဂျပန်ကို သေနတ်ဖြင့် ချိန်ထားရင်း သူ မတ်တတ်ရပ်လိုက်၏။ ဂျပန် ကလေးသည်လည်း သူ့လိုပင် ထိတ်လန့်ကြောက်ရွံ့နေသည်။ အသားဝါ မျက်နှာသည် ရှုံ့မဲ့နေသည်။ ဒူးတွေ ဆတ်ဆတ် တုန်နေ၏။ ဘောင်းဘီ ခွကြား ရှူးရှူးတွေ ရွှဲလာသည်။ အစိုကွက်က ကျယ်သည်ထက် ကျယ်လာ

သည်။

ကူကယ်ရာမဲ့နေသည့် ခန္ဓာကိုယ်ကလေးကို သူက မုန်းတီးစက်ဆုပ်စွာ ကြည့်လိုက်သည်။ သူ့ ခြေထောက်တွေ မတုန်တော့။ ဖောချွေးတွေ ပြန်မနေတော့။ ရိုင်ဖယ်သေနတ်ကလေးသည် အလေး ချိန် အလျှင်းမရှိတော့။ သူ့လက်မောင်း တစ်ဖက်ကဲ့သို့ပင် ထင်ရ၏။ သူ့ရှေ့တွင် တုန်တုန်ယင်ယင်ဖြင့် ဆောက်တည်ရာမရ ဖြစ်နေသည့် ဂျပန်ကို တည်ငြိမ်စွာ ချိန်ထားသည်။ ဂျပန်၏ မေးချင်းရိုက်သံ တခွပ်ခွပ်သည် မသတ်ဖို့ တတွတ်တွတ် တောင်းပန်တိုးလျှိုးနေဘိသို့။ ညို့ဝါရောင်လက်တွေသည် တောင်းပန်တိုးလျှိုး နေသည့်အလား လေထဲတွင် လှုပ်ယမ်းနေသည်။

သူက ဖြည်းညင်းစွာပင် သေနတ်မောင်းကို ဆွဲညှစ်လိုက်၏။ သေနတ်၏ တွန်းကန်အားကို မဖြုံ။ လှုပ်ပင်မလှုပ်။ ပခုံးတွင် လာဆောင့်သည့် သေနတ်ဒင်၏ ဒဏ်ကိုလည်း ဂရုမစိုက်။ ရန်သူ ဂျပန်၏ ရင်ဘတ်တွင် ထင်သွားသည့် မည်းမည်းအပေါက်ကလေးမှ သွေးတွေစို့ထွက်လာသည်ကို သာ စေ့စေ့စပ်စပ် ကြည့်နေမိသည်။ ရန်သူစစ်သားကလေးသည် လိမ့်သွားသည်။ တောရိုင်းမြေတွေ ကို လက်ဖြင့် ကုတ်ဖဲ့နေသည်။ ငှက်အော်သံတွေ လေထဲတွင် လွင့်တက်လာပြန်သည်။

ပစ်အသတ်ခံလိုက်ရသည့် ရန်သူကို တစ်မိနစ်မျှ ကြည့်နေပြီးနောက် လှည့်ထွက်လာခဲ့သည်။ သူ့ခြေလှမ်းတွေသည် ကျောင်းတုန်းက ဒီပလိုမာဘွဲ့ယူရန် စင်မြင့်ပေါ်သို့ တက်သွားစဉ်ကအတိုင်း ပေါ့ပေါ့ပါးပါးသွက်လက်နေတော့၏။

***

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် သူသည် နာမည်ကောင်းလက်မှတ်နှင့် စစ်တပ်မှ ထွက်ခွင့်ရ လိုက်၏။ ထို့ပြင် သူရဲကောင်းဘွဲ့တံဆိပ် နှစ်ခုကို လည်း ရခဲ့သေးသည်။ သူ၏ စစ်သက်မှတ်တမ်း၌ နံရိုးပေါ်တွင် ဗုံးဆန်မှန် သဖြင့် ဒဏ်ရာရရှိခဲ့ဖူးကြောင်းလည်း မှတ်တမ်းတင်ထားခြင်း ခံရလေ သည်။ အိမ်သို့ ပြန်လာသောအခါ သူ့ဖေဖေသည် သူ ပင်လယ်ရပ်ခြား၌ ရှိ နေစဉ်ကာလအတွင်း မော်တော် ကားချင်း တိုက်မိသဖြင့် ကွယ်လွန်ခဲ့ပြီ ဖြစ်ကြောင်း သိရှိရလေသည်။

မင်နာဆက် မြို့ကလေးတွင် အလုပ်လုပ်ကိုင်ရန် ကမ်းလှမ်းချက် တော်တော်များများကို လက်ခံရရှိခဲ့၏။ သို့သော် သူက မလုပ်။ ဤလုပ်ငန်း များကား ကြီးပွားရန် လမ်းမရှိဟု သူက ယူဆ ထားသည်။ သူ့ဖေဖေ၏ အသက်အာမခံငွေသည် သူ့မေမေ စားဝတ်နေရေးအတွက် ဖူလုံနေသည်။ သည်ကြားထဲ မေမေကလည်း အချုပ်အလုပ်လုပ်ငန်းကို တွဲဖက်လုပ်ကိုင် နေသေးသည်။ သူ့အတွက် တော့ ပြည်ထောင်စုအစိုးရက ရက်သတ္တပတ် တစ်ပတ်လျှင် ဒေါ်လာနှစ်ဆယ် ထောက်ပံ့သည်။ မြို့ခံ လူအများ၏ လေးစားကြည်ညိုမှုကို နှစ်လတာမျှ ခံယူပြီးနောက် သူသည် နယူးယောက် သို့သွားရန် ဆုံးဖြတ်လိုက်တော့၏။ သူ့မေမေက ကန့်ကွက်သေးသည်။ သို့သော် သူသည် အသက်နှစ်ဆယ့် တစ်နှစ်ပြည့်ပြီး၍ လပိုင်းပင် စွန်းနေပြီ။ သည်တော့ သူ့ဘဝလမ်းကို သူ ရွေးခွင့်ရှိနေပြီ။ သူ ကောလိပ်သို့ ဆက်တက် မည်ဆိုလျှင် အစိုးရက စရိတ်ခံမည်ဆိုသည့်တိုင် မတက်ဖို့ ဆုံးဖြတ်လိုက် သောအခါ ပတ်ဝန်းကျင်မှ လူအများမှာ အံ့သြတကြီးဖြစ်ခဲ့ကြရ၏။ မည်သို့ ပင်ဖြစ်စေ ကောလိပ်တွင် စာသင်နေခြင်းသည် အနာဂတ်ခရီးတွင် သူ့အား စောင့်ကြိုနေမည့် အောင်မြင်မှု ရရှိရေးအတွက် နှောင့်နှေးစေသည်ဟု ခံယူ ထားခဲ့သည်။ နယူးယောက်တွင် ပထမဆုံး အလုပ်အဖြစ် စာအုပ်ထုတ်ဝေ

ရေး တိုက်ကြီးတစ်တိုက်တွင် ဝင်လုပ်သည်။ သည်နေရာတွင် သင့်တင့် လျောက်ပတ်သည့် ပုဂ္ဂိုလ် ဖြစ်ပါလျှင် နောက်တွင် တက်လမ်း အများကြီးရှိကြောင်း သူ့မန်နေဂျာက ရှင်းပြသည်။ သို့တိုင် ရုံးခန်းထဲတွင် သူ အကြာဆုံး လုပ်ကိုင်နေသည့် ကာလမှာ ရက်သတ္တ နှစ်ပတ်မျှသာ ဖြစ်သည်။

နောက်အလုပ်တစ်ခုမှာ ကုန်တိုက်ကြီးတစ်ခုတွင် အမျိုးသားဝတ်စုံများ ရောင်းရသည့် အရောင်းစာရေး။ ထိုဌာနတွင် တစ်လတိတိပြည့်အောင် လုပ်ကိုင်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်း မှာ သူ့အတွက် အဝတ်အစားများကို နှစ်ဆယ်ရာခိုင်နှုန်း ဈေးလျှော့၍ ဝယ်ယူခွင့်ရသောကြောင့် ဖြစ်၏။

ဩဂုတ်လအကုန်တွင် သူ နယူးယောက်သို့ ရောက်နေသည်မှာ ငါးလရှိနေပြီ။ အလုပ်ပေါင်း ခြောက်ခုလည်း ပြောင်းခဲ့ပြီ။ အောင်မြင်မှုလမ်းစ ရရှိနိုင်ရန် အခွင့်အလမ်းလည်း မပေါ်သေး။ သားသားနားနား ပြင်ဆင်ထားသည့် သူ့အခန်းထဲတွင် တစ်ယောက်တည်းထိုင်ရင်း သူ့ကိုယ်သူ လေးလေးနက်နက် ဝေဖန်သုံးသပ်နေမိသည်။ သူ လုပ်ကိုင်ခဲ့သည့် အလုပ်ခြောက်ခုတွင် သူ လိုချင် သည့်အရာကို ရှာဖွေတွေ့ရှိခြင်းမရှိပါလျှင် နောက်ထပ် အလုပ်ခြောက်ခုလောက် ဆက်လုပ်နေလည်း အကျိုးထူးမည် မဟုတ်တော့ဟု ဆုံးဖြတ်လိုက်သည်။ သူ သည်ဖောင်တိန်ကို ဆွဲထုတ်ပြီး သူ၏ ယေဘုယျ အရည်အသွေးများ၊ စွမ်းရည်များ၊ ထူးချွန်မှုများကို ရေးချပြီး စာရင်းပြုလုပ်နေမိ၏။

စက်တင်ဘာလတွင် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ကြေးဖြင့် သရုပ်ဆောင်ပညာသင် ကျောင်းတက်ရန် စာရင်းသွင်းလိုက်သည်။ အစပထမပိုင်းတွင် နည်းပြဆရာများက သူ့အား အလားအလာ များစွာရှိကြောင်း ပြောကြသည်။ သူသည် ခန့်ချော ချော၏။ ဉာဏ်ကောင်းသည်။ စကားပြောလျှင် အသံသာသည်။ သို့ပေမဲ့ မြောက်ပိုင်းသားလေကိုတော့

ဖျောက်ပစ်ရမည်။ အစပထမ ပိုင်းကတော့ သူလည်း အမျှော်လင့်ကြီး မျှော်လင့်ခဲ့မိသည်။ ဤတွင် သရုပ်ဆောင်တစ်ယောက် ဖြစ်မြောက်လာဖို့ အတွက် လေ့ကျင့်မှုနှင့် ကြိုးပမ်းမှု မည်မျှ လိုအပ်ကြောင်း သူ သိလာ တော့သည်။

ဒီဇင်ဘာလတွင် အသက်နှစ်ဆယ့်နှစ်နှစ် ပြည့်သည်။ ထိုနေ့တွင် ရုပ်ခပ် ချောချော မုဆိုးမ တစ်ယောက်နှင့် တွေ့ဆုံသိကျွမ်းခွင့်ရခဲ့သည်။ အမျိုးသမီး၏ အသက်မှာ သုံးဆယ်ကျော် လေးဆယ် ထဲ ဝင်နေပြီ။ ငွေကြေးတော့ ချမ်းသာသည်။ သူတို့နှစ်ယောက် တွေ့ပုံတွေ့နည်းမှာ ကဗျာ တော့ အဆန်သား။ တွေ့ဆုံသည့်နေရာမှာ ပဉ္စမရိပ်သာလမ်းနှင့် ငါးဆယ့် သုံးလမ်းထောင့်တွင်ဖြစ်သည်။ အမျိုးသမီးကြီးသည် ဘတ်စ်ကားတစ်စီးကို ရှောင်ရန် လူသွားလမ်းပေါ်သို့ နောက်ပြန်ဆုတ်လိုက် ရင်း ချော်လဲရာ သူ့ ရင်ခွင်ထဲ ရောက်သွားသည်။ အမျိုးသမီးကြီးခမျာ ထိတ်လန့်တုန်လှုပ်ပြီး ကယောင်ချောက်ချား ဖြစ်နေရှာသည်။ သူက ပဉ္စမရိပ်သာလမ်းမပေါ်မှာ ဘတ်စ်ကားမောင်းသူတွေ အကြောင်း ဟာသနှောပြီး မှတ်ချက်ချသည်။ နောက်တော့ နှစ်ယောက်သား ဣန္ဒြေရရ သောက်နိုင် သည့် အရက်ဆိုင် တစ်ဆိုင်သို့သွားပြီး မာတီနီနှစ်ခွက်စီ သောက်ကြသည်။ သည်အတွက် သူက ငွေ ထုတ်ပေးသည်။ နောက်ရက်များတွင် သူတို့နှစ်ယောက် ရုပ်ရှင် တွေ အတူကြည့်ကြသည်။ ညစာ တစ်ခါစားပြီဆိုလျှင် စားပွဲထိုး သုံးလေးဦး ကို ဘောက်ဆူးပေးလေ့ရှိသည့် စားသောက်ဆိုင်များတွင် ညစာစားကြ သည်။ ထိုအခါများတွင်လည်း သူကပင် ငွေထုတ်ပေးလေ့ရှိ၏။ သို့ရာတွင် ထုတ်ပေး သည့် ငွေများမှာ သူ့ငွေမဟုတ်တော့။

သူတို့နှစ်ဦးသည် လပေါင်းတော်တော်ကြာကြာ တွဲဖြစ်ကြသည်။ ထို ကာလအတွင်း သရုပ် ဆောင်သင်တန်းသို့ သူ မတက်ဖြစ်။ ပင်ပန်းဆင်းရဲ

သည့် သရုပ်ဆောင်လေ့ကျင့်ခန်းတွေကို မလုပ်ခဲ့။ သည်အစား မမ ဈေးဝယ်ထွက်တတ်သည့် နောက်သို့ ကိုယ်ရံတော်အဖြစ် တကောက်ကောက် လိုက်ခဲ့ ရသည်။ မမကလည်း ဈေးဝယ်ထွက်သည့်အခါတိုင်း သူ့ဖို့ပါ ဝယ်ခြမ်းပေးတတ်သည် မဟုတ်လား။ အစပထမကတော့ မမနှင့် အတူသွားလာနေရသည်ကို ရှက်မိသည်။ သူတို့နှစ်ယောက်က အသက် အရွယ် ကွာလွန်းသည်။ သို့သော် နောက်ပိုင်းတွင်တော့ နေသားကျသွားသည်။

မည်သို့ပင်ဖြစ်စေ သည်မမနှင့် တွဲနေရခြင်းကို သူ မနှစ်မြို့ခဲ့။ မနှစ်မြို့ရခြင်းမှာ အကြောင်း နှစ်ကြောင်း ရှိသည်။ ပထမအကြောင်းမှာ မမသည် ရုပ်ရည်အားဖြင့် စွဲမက်စဖွယ်ကောင်းသော် လည်း ကိုယ်ခန္ဓာအရမူ စွဲမက်ဖွယ်မကောင်းလှ။ ဒုတိယအကြောင်းမှာ ပိုပြီး အရေးကြီးသည်။ မမ နေသည့် တိုက်ရှိ ဓာတ်လှေကားမောင်းသမားထံမှ သိရသည်မှာ မမ တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲခဲ့သည့် လူငယ်တွေထဲတွင် သူသည် တစ်ယောက်မျှသာဖြစ်ကြောင်း၊ တွဲချိန် ခြောက်လမျှ ကြာလျှင် နောက်ထပ် လူငယ်တစ်ယောက်ကို ပြောင်းလဲတွဲလေ့ရှိကြောင်း ဖြစ်၏။ ထိုအခါ သည်အလုပ်သည်လည်း အနာဂတ်မကောင်းလှသည့် လုပ်ငန်းဖြစ်ကြောင်း ရယ်ချင်စိတ်ဖြင့် စဉ်းစား မိ၏။ မမ မရှိသည့် ညများကို သူ မည်ကဲ့သို့ ကုန်လွန်ခဲ့ရသည်ဆိုသည့် အကြောင်းလောက်ကိုပင် မမက မေးမြန်းစုံစမ်းဖော်မရတော့ မမ၏ခြေလှမ်းကို သူ ကြိုတင်တွက်ဆလိုက်မိပြီ။ သို့ဖြင့် သူ့ မေမေ အသည်းအသန် မကျန်းမမာဖြစ်နေ၍ အိမ်သို့ပြန်ရမည်ဟု အကြောင်းပြကာ လမ်းခွဲလိုက် တော့၏။

တကယ်ပင် အိမ်သို့ပြန်ခဲ့၏။ အိမ်ပြန်စရိတ်အတွက် လက်ပတ်နာရီအကောင်းစားကလေး ကို ပေါင်နှံခဲ့ရသည်။ ဇွန်လ လဦးပိုင်း တစ်လျှောက်လုံး အိမ်တွင် ပျင်းပျင်းရိရိ အချိန်ဖြုန်းနေခဲ့ သည်။ ရွှေလည်တွဲ၍ ချစ်ပွဲ

အကြိမ်ကြိမ် ဝင်ခဲ့သည့် မမသည် ယခုထက်ပို၍ ငယ်ရွယ်ပြီး၊ ပို၍ ချောမောကာ၊ ယခုထက် ပို၍ တွယ်တာနှောင်ဖွဲ့မှု ရှိပါလျှင် ကောင်းလေစွဟု တမ်းတမ်းတတ ဖြစ်နေမိသည်။

ထိုအချိန်မှစ၍ ဘဝရှေ့ရေးအတွက် စီမံကိန်းတွေ စတင်ချမှတ်တော့၏။ သူ ကောလိပ် ဆက်တက်ရတော့မည်။ သည်တော့ ကျောင်းမတက်ရသေးမီ သူတို့ မြို့ကလေးရှိ ကုန်စုံဆိုင် တစ်ဆိုင် တွင် အလုပ်ဝင်လုပ်သည်။ အစိုးရ၏ ထောက်ပံ့ကြေးသည် ပညာသင်စရိတ်ကို ကာမိသော်လည်း မြင့်မားသော လူနေမှု စရိတ်အတွက်ပါဆိုလျှင် လုံလောက်မည်မဟုတ်။ သူ ကျောင်းကောင်းကောင်း သို့ တက်မည်ဟု ဆုံးဖြတ်ထားသည်။

နောက်ဆုံးတွင် အိုင်အိုဝါပြည်နယ်၊ ဘလူးရစ်ဗားရှိ စတော့ဒတ် တက္ကသိုလ်ကို ရွေးချယ်လိုက် သည်။ သည်ကျောင်းတွင် ကြေးရတတ် သားသမီးတွေသာ တက်ရောက်ကြသည် မဟုတ်လား။ သူ့ အတွက် ကျောင်းဝင်ခွင့်ရရန် အခက်အခဲက သိပ်မရှိလှ။ အထက်တန်းကျောင်းတွင် သူ ရရှိခဲ့သည့် အမှတ်များက သိပ်ကောင်းခဲ့သည် မဟုတ်လား။

***

ပထမနှစ်တွင် သူ့ထက် အတန်းကြီးသော ခပ်ချောချော ကောင်မလေးနှင့် တွေ့ဆုံခဲ့သည်။ ကမ္ဘာနှင့်ချီပြီး ကြီးကျယ်စွာ ဖွဲ့စည်းထားသည့် ကုမ္ပဏီကြီး တစ်ခုမှ ဒုတိယဥက္ကဋ္ဌ၏ သမီးဖြစ်၏။ သူတို့နှစ်ယောက်သား အတူတူ လမ်းလျှောက်ကြသည်။ အတူတူ အတန်းလစ်ကြသည်။ အတူတူ အိပ်ကြသည်။ မေလထဲရောက်သောအခါ ကောင်မလေးက သူနှင့် စေ့စပ်ထားသည့် ကောင်လေး ပြန်ရောက်လာပြီ ဖြစ်သဖြင့် ခွင့်လွှတ်ဖို့အကြောင်း

တောင်းပန်စကားဆိုသည်။

နောက်နှစ်တွင် ဒေါ်ရိုသီကင်းရှစ်နှင့် တွေ့ခဲ့ခြင်းဖြစ်သည်။

***

# (၃)

ဟာမီဂေ့ါဆင်းထံမှ မီးခိုးရောင်ဖျော့ဖျော့ ဆေးလုံးကလေး နှစ်လုံးရလာသည်။ သည်ဆေး လုံး နှစ်လုံးအတွက် ငါးဒေါ်လာတောင် ပေးခဲ့ရသည်။

ညရှစ်နာရီတွင် ဒေါ်ရီသီကို သူတို့တွေ့နေကျ နေရာကလေးတွင် သွားတွေ့သည်။ တွေ့နေကျ နေရာဆိုသည်မှာ အနုပညာသင်တန်း အဆောက်အအုံနှင့် ဆေးပညာသင်တန်း အဆောက်အအုံကြား ရှိ ကွက်လပ်တစ်ခု၏ အလယ်တွင် သစ်ပင်တွေ အုပ်မိုးနေသည့် ခုံတန်းရှည်ကလေး ဖြစ်၏။ သူသည် ကျောက်ခင်းလမ်းမှ ဖဲခွာပြီး အမှောင်ဖုံးသော ကွက်လပ်ကို ဖြတ်ကူးလိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်ရီသီ ရောက်နေနှင့်သည်ကို တွေ့လိုက်ရ၏။ သူငယ်မသည် ဧပြီလ၏ အအေးဒဏ်ကို ကာကွယ်ရန် အပေါ်အင်္ကျီ ခြုံထားသည်။ လက်နှစ်ဖက်ကို ကွင်းဆက်ပြီး ပေါင်ပေါ်တင်ထားသည်။ သူ ထိုင်နေ ပုံမှာ ခပ်တောင့်တောင့် ဖြစ်နေသည်။ ကွက်လပ်ဘေးရှိ လမ်းဓာတ်မီးတိုင်မှ လင်းနေသော အလင်း ရောင်သည် သစ်ရွက်ကြိုကြားမှ ထွင်းဖောက်ပြီး သူငယ်မ၏ မျက်နှာပေါ်သို့ ကွက်ကျားလင်းနေ သည်။

သူက အမျိုးသမီး၏ ဘေးတွင် ဝင်ထိုင်ပြီး အမျိုးသမီး၏ ပါးပြင်ကလေးကို နမ်းလိုက်၏။ ဒေါ်ရီသီက တိုးတိတ်စွာ ပြန်နူတ်ဆက်သည်။ အနုပညာသင်တန်း အဆောက်အအုံ၏ မီးလင်းနေ သော ပြတင်းပေါက်တွေထဲမှ စန္ဒရားသံ တစ်ဒါဇင်လောက် အပြိုင်အဆိုင် လွင့်ပျံ့လာသည်။ ခဏမျှ ကြာ

သောအခါ သူက ပြောလိုက်၏။

"ကိုယ် ဟိုဟာတွေ ရလာပြီ"

သူတို့ရှိရာသို့ စုံတွဲတစ်တွဲ လျှောက်လာသည်။ ခုံတန်းတွင် လူဦးနေနှင့်ပြီကို တွေ့လျှင် ကျောက်ခင်းလမ်းဘက်သို့ ပြန်လှည့်သွားကြသည်။ "ဒုက္ခပါပဲ၊ နေရာတွေလည်း အကုန် လူပြည့် နေတာပါပဲလား"ဟု ပြန်လှည့်သွားသည့် အမျိုးသမီး၏ အသံ ထွက်လာသည်။

သူက သူ့အင်္ကျီအိတ်ထဲမှ စာအိတ်ကလေးကို ထုတ်ယူပြီး ဒေါ်ရိုသီ့လက်ထဲ ထည့်ပေးသည်။ ဒေါ်ရိုသီ့ လက်ချောင်းကလေးတွေက စက္ကူအောက်မှ ဆေးလုံးကလေးတွေကို စမ်းကြည့်သည်။

"နှစ်လုံးစလုံးကို တစ်ခါတည်း သောက်ရမယ်။ နည်းနည်းတော့ ကိုယ်ပူလာလိမ့်မယ်။ ပြီးတော့ အော့ချင်အန်ချင်သလိုလည်း ဖြစ်လိမ့်မည်"

သူငယ်မက စာအိတ်ကို အပေါ်အင်္ကျီအိတ်ထဲ ထည့်လိုက်၏။ "ဒီဆေးလုံးတွေထဲမှာ ဘာတွေ ပါလဲဟင်"

"ကွီနိုင်ရယ်၊ တခြားဟာတွေရယ်ပေါ့ကွာ။ ကိုယ်လည်း သေသေချာချာ မသိပါဘူး"

သူက ခဏနားနေသည်။ ပြီးမှ-

"မင်း ဝေဒနာ မခံစားရပါဘူး"

သူငယ်မ မျက်နှာကို ကြည့်လိုက်၏။ သူငယ်မသည် အနုပညာသင်တန်းအဆောက်အအုံကြီး ကို ကျော်ပြီး ငေးနေကြောင်း တွေ့ရသည်။ ဒေါ်ရိုသီငေးကြည့်ရာဘက်သို့ သူပါလိုက်ပြီး ကြည့်လိုက် မိ၏။ မိုင်ပေါင်း အတော်ဝေးဝေးတွင် မီးနီနီကလေး တဖျပ်ဖျပ်လင်းနေသည်။ ဤကား ပြည်နယ်အသံလွှင့်ရုံ အသံလွှင့်မျှော်စင်ကြီး၏ အမှတ်အသား။ သည်မျှော်စင်ကြီးကို

ဘလူးရစ်ဗားမြို့တွင် အမြင့်ဆုံးဖြစ်သည့် မြူနီစီပယ် အဆောက်အအုံပေါ်တွင် ထောင်ထားခြင်းဖြစ်၏။ သည်အဆောက် အအုံပေါ်တွင် လက်ထပ်စာချုပ်ဗျူရိုလည်းရှိသည်။ ထိုအတွက်ကြောင့်များ ဒေါ်ရိုသီသည် မီးနီကလေးကို လှမ်းငေးနေသည်လားဟု သူ တွေးမိသည်။ သို့မဟုတ်ပါကလည်း မှောင်မည်းနေသည့် ကောင်းကင်ပြာတွင် မီးနီကလေးသည် တဖျပ်ဖျပ် လင်းချည် မှိတ်ချည် ဖြစ်နေသောကြောင့် ငေးမော နေလေသည်လား မသိ။ သူက သူငယ်မ၏ လက်ကလေးတွေကို ကိုင်လိုက်၏။ သူငယ်မ၏ လက်တွေ အေးစက်နေသည်။

"စိတ်မပူပါနဲ့ ဒေါ်ရိုသီရယ်။ အားလုံး အဆင်ပြေသွားမှာပါ"

မိနစ်အနည်းငယ်မျှ နှုတ်ဆိတ်စွာ ထိုင်နေကြသည်။ ပြီးမှ ကလေးမက-

"ဒေါ်ရီ ဒီည ရုပ်ရှင်သွားကြည့်ချင်တယ်။ အပ်တောင်းရုံမှာ ဂျုံးဖောင်တိန် ပါတဲ့ကား ပြနေ တယ်"

"စိတ်မကောင်းပါဘူးကွယ်၊ ကိုယ့်မှာ စပိန်ဘာသာ လေ့ကျင့်ခန်းတွေလုပ်ဖို့ အများကြီး ကျန်နေလို့ပါ"

"ကျောင်းသားသမဂ္ဂခန်းမကို သွားကြမယ်လေ။ အဲဒီကျတော့ ဒေါ်ရီကူ လုပ်ပေးမှာပေ့ါ"

"ကိုယ့်ကို ဖျက်ဆီးမလို့ပေ့ါလေ၊ ဟုတ်လား"

ကျောင်းဝင်းကို ဖြတ်လျှောက်ပြီး သူငယ်မကို ပြန်ပို့သည်။ ခေတ်မီမီနှင့် ခပ်နိမ့်နိမ့် ဆောက်ထားသည့် မိန်းကလေးဆောင်ရှေ့ ရောက်သောအခါ သူက သူငယ်မကို နမ်းပြီး နှုတ်ဆက် သည်။ "နက်ဖြန် အတန်းထဲမှာ တွေ့ကြတာပေ့ါ"ဟု သူက ပြောသည်။ သူငယ်မ ခေါင်းညိတ်သည်။ ပြီးတော့ သူ့ကို နမ်းပြန်သည်။ တုန်တုန်ယင်ယင်နှင့်။ "ဒီမယ် ကလေးမရယ်၊ ဘာမှ

စိုးရိမ်စရာမရှိ ပါဘူး။ တကယ်လို့ ဒီဆေးလုံးလေးတွေက အလုပ်မဖြစ်ဘူး ဆိုရင် ကိုယ်တို့ လက်ထပ်ကြတာပေါ့။ မင်း မကြားဖူးဘူးလား၊ အချစ်သည် အရာရာကို အောင်နိုင်စေ၏ဆိုတာလေ"သူ ထပ်ပြောလာမည့် စကားများ ကို သူငယ်မက ငံ့လင့်နေသည်။ "နောက်ပြီး ကိုယ်က မင်းကို သိပ်ချစ်တာပါ ကွယ်" သူက ပြောပြီး အမျိုးသမီးကို နမ်းလိုက်၏။ သူတို့နှစ်ယောက်၏ နှုတ်ခမ်းများ ခွဲခွာလိုက်သည့်အခါ သူငယ်မ၏ နှုတ်ခမ်းများသည် အားတင်းပြီး ပြုံးထားသည်ကို တွေ့ရ၏။

"မင်္ဂလာညချမ်းပါ ကလေးမရယ်"

***

သူ့အခန်းသို့ ပြန်လာခဲ့သည်။ သို့ပေမဲ့ စပိန်သင်ခန်းစာတွေကိုတော့ မ လုပ်နိုင်။ စားပွဲပေါ်တွင် တံတောင်နှစ်ဖက် တင်ပြီး ထိုင်ငိုင်နေမိ၏။ ခေါင်း ကို လက်နှစ်ဖက်ဖြင့် ညှပ်ကိုင်ထားသည်။ နောက်ပြီး ဆေးလုံးကလေးတွေ အကြောင်း စဉ်းစားနေမိသည်။ ဘုရား၊ ဘုရား။ ဆေးလုံးကလေး တွေ အစွမ်းပြမှ ဖြစ်မည်။ အင်း. . .အစွမ်းပြမှာပါလေ။

သို့ပေမဲ့ ဟာမီဂေါ့ဆင်းက ပြောခဲ့သည် မဟုတ်လား။ "မင့် ကောင်မလေး က နှစ်လတောင် ရှိနေပြီဆိုတော့ ကျိန်းသေပေါက် အောင်မြင်မယ်လို့ ငါ လည်း ရဲရဲကြီး အာမမခံရဲဘူးလေ"တဲ့။

သည်ကိစ္စကို မစဉ်းစားမိအောင် ကြိုးစားနေမိသည်။ ထိုင်ရာမှထကာ ဝက်သစ်ချစားပွဲကြီး ဆီသို့ သွားသည်။ အောက်ဆုံး အံဆွဲကို ဆွဲဖွင့်သည်။ သေသေသပ်သပ် ခေါက်ထားသည့် ညဝတ် ဝတ်စုံတွေအောက်မှ ကြော်ငြာ

စာအုပ်ကလေးနှစ်အုပ်ကို ထုတ်ယူသည်။ စာအုပ်မျက်နှာဖုံး ထောင့် စွန်းများကို ကြေးနီဖြင့် ကွပ်ထားသည်။

ဒေါ်ရိုသီနှင့် ပထမအကြိမ် စတင်တွေ့ပြီး နောက်ပိုင်းတွင် သူငယ်မသည် 'ကင်းရှစ်ကြေးနီ ကော်ပိုရေးရှင်း'ဥက္ကဋ္ဌ၏ သမီးဖြစ်ကြောင်းကို မော်ကွန်းထိန်းရုံးရှိ စာရေးတစ်ဦးထံမှ သိခွင့်ရခဲ့ သည်။ သို့ဖြင့် သူက ကော်ပိုရေးရှင်း၏ နယူးယောက်ရုံးခွဲသို့ အလုပ်နှင့်ပတ်သက်သည့် စာတစ်စောင် လှမ်းရေးခဲ့သည်။ စာထဲတွင် ကင်းရှစ်ကြေးနီလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါနေသည့်အတွက် သူ့ထံသို့ လုပ်ငန်းနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ ပို့ပေးရန် ရေးသားထားသည်။

ရက်သတ္တနှစ်ပတ်မျှ ကြာသောအခါ သူက 'ရီဘက်ကာ'ဝတ္ထုစာအုပ်ကို ဖတ်နေသည်။ ဤသို့ တမက်တမော ဖတ်နေဟန်ဆောင်နေခြင်းမှာ ဤစာအုပ်သည် ဒေါ်ရိုသီ အကြိုက်ဆုံး စာအုပ် ဖြစ်နေသောကြောင့်တည်း။ ဒေါ်ရိုသီကတော့ သူ့အတွက် ခြေအိတ်တစ်စုံကို တစူးစူးစိုက်စိုက်ထိုးနေသည်။ အဘယ်ကြောင့်ဆိုသော် ပထမရည်းစား ကောင်လေးတုန်းကလည်း ဤသို့ပင် ထိုးပေးခဲ့ရာ ကောင်လေးက တော်တော်သဘောကျခဲ့သည်။ သည်တော့ ခြေအိတ်ထိုးပေးခြင်းသည် မြတ်နိုးခြင်း ၏ အမှတ်တံဆိပ် ဖြစ်နေပြီဟု သူငယ်မက မှတ်ယူထားသည်။ သူတို့နှစ်ယောက် ထိုသို့ အလုပ်များ နေချိန်တွင်ပင် စာရွက်စာတမ်းတွေ ရောက်လာသည်။ သူက စာအိတ်ကြီးကို ရိုရိုသေသေ တယုတယ ဖြင့် ဖွင့်သည်။ အထဲတွင်ပါလာသည့် စာအုပ်ငယ်ကလေးတွေမှာ စိတ်ဝင်စားစရာကောင်းလှသည်။ စာအုပ်တစ်အုပ်၏ ခေါင်းစဉ်မှာ ကင်းရှစ်ကြေးနီနှင့် သတ္တုစပ်ကြေးနီများ အကြောင်း စက်မှုဆိုင်ရာ သိမှတ်ဖွယ်ရာများ။ နောက်တစ်အုပ်ကတော့ ငြိမ်းချမ်းကာလဖြစ်စေ၊ စစ်မက်ကာလဖြစ်စေ ရှေ့ဆုံး မှ ဦးဆောင်နေသည့်

ကင်းရှစ်ကြေးနီကော်ပိုရေးရှင်း။ စာအုပ်နှစ်အုပ်စလုံးတွင် ဓာတ်ပုံတွေလည်း အများကြီးပါသည်။ သည်အကြောင်းအရာတွေကို သူသည် အကြိမ်တစ်ရာမက ဖတ်ခဲ့သည်။ အကြောင်းအရာတိုင်းကိုပင် အလွတ်ရနေပြီ။ အချိန်ပိုကလေးရတိုင်း သည်စာအုပ်တွေကို ထုတ်ထုတ် ဖတ်ခဲ့ရသည်မှာ အမော။ ဖတ်တိုင်းလည်း ချစ်သူ့ပေးစာကို ဖတ်နေရသည့် အမျိုးသမီးတစ်ယောက် နှယ် နှုတ်ခမ်းများပေါ်တွင် အပြုံးရိပ်တွေ လွှမ်းနေရစမြဲ။

သည်ညတော့ သည်စာအုပ်ကလေးတွေကို ဖတ်ရသည်မှာ အရသာ မရှိလှ။

သည်အခြေအနေမျိုး ပေါ်ပေါက်လာရခြင်းအတွက် အဓိက တာဝန်ရှိသူမှာ ဒေါ်ရိုသီသာ ဖြစ်သည်ဟူသော အတွေးကြောင့် သူ အကြီးအကျယ် စိတ်ဆိုးမိသည်။ စင်စစ် သူက ဒေါ်ရိုသီကို သူ့ အခန်းသို့ တစ်ကြိမ်တစ်ခါတည်းသာ ခေါ်လာခဲ့လိုသည်။ ဤသည်မှာလည်း သူတို့နှစ်ယောက်၏ အချစ်ရေး ခိုင်မြဲစေရန် နှောင်ဖွဲ့ထားလိုခြင်းကြောင့်သာ ဖြစ်၏။ သည်အခန်းသို့ နောက်ထပ် အကြိမ် ပေါင်းများစွာလာရန် ဆန္ဒပြင်းပြသူမှာ ဒေါ်ရိုသီသာဖြစ်၏။ ဤသို့ဖြစ်အောင် မြှူဆွယ်ခဲ့သူမှာ ဒေါ်ရို သီသာဖြစ်၏။ သူက စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်ပစ်လိုက်မိသည်။ တကယ်တော့ တရားခံ သည် ဒေါ်ရိုသီ။ သည်ကောင်မ၏ ချို့ယွင်းချက်။ အလကားကောင်မ။

သူ သည်စာအုပ်တွေကို ပြန်ဖတ်ဖို့ ကြိုးစားကြည့်သည်။ မရ။ စာအုပ်တွေကို တွန်းပစ်လိုက် ၏။ ခေါင်းကို လက်နှစ်ဖက်ထဲတွင် မြှုပ်နှံထားလိုက်မိပြန်သည်။ အကယ်၍ ဆေးလုံးကလေးတွေ ကများ အစွမ်းမပြနိုင်ပါလျှင်. . .။ ကျောင်းထွက်မည်လား။ ကောင်မကို ရှောင်နေမည်လား။ ရှောင်နေလည်း အပိုပဲဖြစ်မည်။ မင်နာဆက်မှ သူ့လိပ်စာကို သည်ကောင်မ သိ

ထားသည်။ ဒေါ်ရိုသီ က သူ့ကို လိုက်မရှာဝံ့ဘူးထားဦး၊ ဒေါ်ရိုသီ့အဖေကြီး က လက်နေ့းနေလိမ့်မည်မဟုတ်၊ တရားဥပဒေ ကြောင်းအရတော့ သူတို့ အရေးယူ၍မရ။ သို့တိုင် ကင်းရှစ်သည် သူ့ကို ဒုက္ခပေါင်းမြောက်မြားစွာ ပေးနိုင်စွမ်းပေသည်။ ခနငွေကြေး၏ အရှိန်အဝါသည် ကြီးမားလှသည် မဟုတ်လား။ လီယိုကင်းရှစ် လို လူမျိုးက 'အဲဒီငနဲကလေးကို သတိထားကြ ဗျို့။ ဒီကောင် ကောင်းတဲ့ကောင် မဟုတ်ဘူး။ ခင်ဗျားတို့ကို ကျုပ်က သမီး ရှင်တစ်ယောက်အနေနဲ့ သတိပေးဖို့ တာဝန်ရှိတယ်လို့ ယူဆမိလို့. . .'ဟု ဆို လိုက်လျှင်. . .။ သို့ဆိုလျှင် သူ့အတွက် ဘာများ ကျန်ပါတော့မည်နည်း။ တာလီစာရေး အလုပ်မျိုး ပဲ ကျန်တော့မည်လား မသိ။

သို့မဟုတ်ဘဲ ဒေါ်ရိုသီကို လက်ထပ်လိုက်လျှင်ကော။ သို့ဆိုလျှင် ဒေါ်ရိုသီ သည် ကလေးမွေး လာတော့မည်။ ထိုအခါ သူတို့သည် ကင်းရှစ်ထံမှ ခြူး တစ်ပြားမျှ ရတော့မည်မဟုတ်။ သည်တော့ တာလီစာရေးအလုပ်ပဲ လုပ်ရ လိမ့်မည်။ သည်တစ်ခါတော့ မယားနှင့်သား၏ ဝန်ထုပ်ဝန်ပိုးကြီးကို ခေါင်း ပေါ်ရွက်လျက်သား ဖြစ်ရတော့မည်။ ဘုရား၊ ဘုရား။

ဆေးလုံးကလေးတွေ တန်ခိုးပြမှ ဖြစ်မည်။ သည်တစ်နည်းပဲ ထွက်ပေါက် ရှိသည်။ အကယ်၍ များ တန်ခိုးမပြနိုင်ပါလျှင်. . .။ သူ ဘာဆက်လုပ်ရမည် ဆိုသည်ကိုပင် မသိတော့။

***

မီးခြစ်ကလေးများ တန်းစီထားသည့် အဖြူရောင်ဘူးပေါ်မှ မီးခြစ်တစ်လုံး တွင် ဒေါ်ရိုသီ ကင်းရှစ်ဟု ကြေးနီပြားဖြင့် စာတန်းထိုးထားသည်။ ကင်းရှစ် ကြေးနီကော်ပိုရေးရှင်းသည် ၎င်း၏ အမှုထမ်းများ၊ ဖောက်သည်များနှင့်

မိတ်ဆွေများကို ခရစ္စမတ်လက်ဆောင်အဖြစ် နှစ်စဉ်နှစ်တိုင်း ကမ္ပည်းထိုး ထားသည့် မီးခြစ်များ ပေးလေ့ရှိ၏။

ဒေါ်ရိုသီသည် မီးခြစ်မှ မီးတောက်လာအောင် လေးချက်တိတိ ခြစ်ယူရ သည်။ ထို့နောက် စီးကရက် မီးညှိရန် ကိုင်ထားသောအခါ မီးတောက် ကလေးသည် လေပြည်လေညင်းကြောင့် လှုပ်ရှား နေသည့်အလား ယိမ်းခါ နေသည်။ ပြန်ထိုင်လိုက်သည်။ စိတ်ကိုဖြေလျှော့ထားဖို့ ကြိုးစားသည်။ သို့သော် သူ့မျက်လုံးတွေကို တံခါးပွင့်နေသည့် ရေချိုးခန်းဆီမှ ခွာ၍မရ။ ရေချိုးခန်းထဲရှိ ကြွေခွက် ပေါင်ပေါ်တွင် စာအိတ်ဖြူဖြူကလေးတစ်လုံးနှင့် ရေတစ်ဖန်ခွက်။ သူ့ကို စောင့်မျှော်နေသည်။

မျက်လုံးတွေကို စုံမှိတ်လိုက်သည်။ ဩော်. . .အကယ်၍ အယ်လင်ကိုသာ သည်အကြောင်း တွေ ပြောပြလို့ရလျှင် ဘယ်လောက်ကောင်းလိုက်မည် နည်း။ မနက်ကပဲ စာတစ်စောင် လာသေး သည်။ စာထဲမှာတော့ ရာသီဥတု သာယာကြောင်း၊ သူတို့ကျောင်းမှ ကျောင်းသားအသင်းခေါင်း ဆောင် အကြောင်း၊ နောက်ဆုံးထုတ် ဝတ္ထုတစ်ပုဒ်အကြောင်း၊ စသည်ဖြင့် ဝတ်ကျေတမ်းကျေ ကြိုးစားရေးထားသည်။ သည်လို တာဝန်ပိုင်းအရ စာ တွေ အပြန်အလှန် ပို့ပေးနေခဲ့သည်မှာ သူတို့ ညီအစ်မနှစ်ယောက် လွန်ခဲ့ သည့် ခရစ္စမတ်တွင် စကားများပြီးကတည်းကပင်။ ခုနေ အယ်လင်၏ အကြံဉာဏ်ကိုသာ ရနိုင်ခဲ့ပါလျှင်. . .။ ဟိုတုန်းကအတိုင်း တစ်ယောက်နှင့် တစ်ယောက် ရင်းရင်းနှီး နှီး ပွင့်ပွင့်လင်းလင်း စကားပြောနိုင်ပါလျှင်. . .။

လီယိုကင်းရှစ် သူ့မိန်းမကို ကွာရှင်းပြတ်စဲချိန်တွင် ဒေါ်ရိုသီက ငါးနှစ်နှင့် အယ်လင်က ခြောက်နှစ်ပဲ ရှိသေးသည်။ အစ်မအကြီးဆုံး မာရီယွန်ကတော့ ဆယ်နှစ်။ ညီအစ်မသုံးယောက်သည် သူတို့မေမေနှင့် ဝေးခဲ့ကြရသည်။ ပထမအကြိမ် ဝေးရသည်မှာ လင်မယား ကွာရှင်းမှုကြောင့်။ ဒုတိယ

အကြိမ်ကတော့ မေမေ့ကို မရဏမင်းက ခေါ်ဆောင်သွားမှုကြောင့်။ ညီအစ်မသုံးယောက်အနက် မာရီ ယွန်က အကြေကွဲဆုံး၊ အခံစားရဆုံး ဖြစ်လေသည်။ လင်မယားမကွဲမီ မေမေ့အပေါ် ဖေဖေ၏ စွပ်စွဲ ချက်တွေ၊ ပစ်ပယ်မှုတွေအကြောင်းကို မာရီယွန်က သူ့ညီမလေးနှစ်ယောက် ကြီးပြင်းလာသောအခါ အသေးစိတ် ပြန်ပြောပြခဲ့သည်။ မာရီယွန်က သူတို့ဖေဖေ၏ ရက်စက်မှုတွေကို သာသာထိုးထိုး ကလေး ဖြည့်စွက်ပြောခဲ့သည်။ နှစ်တွေကြာလာတော့ မာရီယွန်သည် အိမ်နှင့်စိမ်းလာသည်။ ခပ်ဖယ် ဖယ် ခပ်ကုပ်ကုပ်နေသည်။ တစ်ဦးတည်း အနေများလာသည်။

ဒေါ်ရီသီနှင့် အယ်လင်ခမျာ အစ်မကြီးထံမှ မေတ္တာကိုလည်း မရ။ ဖခင်ထံမှ မေတ္တာကိုလည်း မရ။ ဖအေဖြစ်သူကတော့ သူတို့၏ အနေစိမ်းမှုကို အနေစိမ်းမှုဖြင့်သာ တုံ့ပြန်သည်။ သူတို့ဘဝသည် စည်းကြီးကမ်းကြီးဖြင့် ထိန်းကွပ်သော အုပ်ထိန်းသူ အမျိုးသမီးကြီး၏ လက်ဝယ်တွင်သာ ကြီးပြင်းခဲ့ရသည်။ ညီအစ်မနှစ်ယောက်သည် ကျောင်းတစ်ကျောင်းတည်းတက်ပြီး အတန်းတစ်တန်းတည်း အတူနေခဲ့ကြသည်။ ပျော်ပွဲ၊ ရှင်ပွဲ၊ ကပွဲများကိုလည်း အတူတူသွားကြရသည်။ (ဖအေကြီးက သတ်မှတ်ပေးလိုက်သည့် အချိန်အတိုင်း တိတိကျကျ ပြန်ကြရသည်။)

သည်ကိစ္စမျိုးများတွင် အယ်လင်ကသာ ဦးဆောင်သွားလာလေ့ရှိပြီး ဒေါ်ရီသီကတော့ နောက်လိုက်သက်သက်။

အယ်လင်တစ်ယောက် ကဒ်ဝဲလ်ကောလိပ်သို့ ရောက်ပြီး နောက်နှစ်တွင် ဒေါ်ရီသီကလည်း အဆိုပါ ကောလိပ်သို့ပင် လိုက်တက်ရန် စီစဉ်သည်။ သို့သော် အယ်လင်က တားသည်။ ဒေါ်ရီသီ သည် အရွယ်ရောက်ပြီဖြစ်ကြောင်း၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်အောင် ကြိုးစားသင့်ပြီဖြစ်ကြောင်း ပြောပြသည်။ ဖအေကြီးက သဘောတူသည်။

ကိုယ့်အားကိုယ်ကိုးတတ်ခြင်းဟူသည့် အရည်အသွေးကို သူ တန်ဖိုးထား တတ်သည် မဟုတ်လား။ ထို့နောက် သားအဖတစ်တွေ ညှိနှိုင်း ဆွေးနွေးပြီး ဒေါ်ရှိသီအား စတော့ဒတ်ကောလိပ်သို့ သွားခွင့်ပြုလိုက်သည်။ စတော့ဒတ် သည် ကဒ်လ် ဝဲနှင့် မိုင်တစ်ရာသာသာကလေး ဝေးသည်။ ဖခင်ဖြစ်သူက ညီအစ်မနှစ်ယောက်သည် ရက်သတ္တပတ် တစ်ပတ်ကုန်ဆုံးတိုင်း တစ် ယောက်ထံတစ်ယောက် သွားရောက်လည်ပတ်ရမည်ဟု ညွှန်ကြားထား သည်။ ပထမပိုင်းတွင်တော့ အပြန်အလှန် သွားရောက်လည်ပတ်ခဲ့ကြ သည်။ အချိန်တွေ ကြာညောင်း လာသောအခါ ဒေါ်ရှိသီက သူ့ခြေထောက် ပေါ်သူ ရပ်နိုင်ပြီဖြစ်ကြောင်း ကြေညာသည်။ သို့ဖြင့် အပြန် အလှန် လည်ပတ်မှု ခရီးစဉ်တွေလည်း ရပ်တန့်သွားတော့၏။ နောက်ဆုံး ပြီးခဲ့ သည့် ခရစ္စမတ်နေ့က ညီအစ်မနှစ်ယောက် စကားများကြသည်။ ဘာမျှ တော့ ကြီးကြီးကျယ်ကျယ် ပြဿနာမဟုတ်။ 'ညည်း ငါ့ဘလောက်စ်အင်္ကျီ ယူဝတ်မယ်ဆိုရင် ငါ့ဆီမှာ ခွင့်တောင်းဖို့ ကောင်းတယ်'ဟူသော ပြဿနာ ကလေးမှ စခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ကျောင်းပိတ်ရက် တစ်လျှောက်လုံး ဒေါ်ရှိသီမှာ စိတ်ဓာတ်ကျဆင်းနေသည်ဖြစ်ရာ ပြဿနာမှာ ကြီးထွားလာခဲ့ တော့၏။ ကိုယ့်ကျောင်းကိုယ် ပြန်ရောက်ကြသောအခါ စာတွေတော့ အပြန်အလှန် ရေးကြပါ၏။ သို့သော် စာတွေမှာ တိုတောင်း လာသည်။ ရက်ခြားလာသည်။

သို့တိုင် တယ်လီဖုန်းတော့ ရှိနေသည်။ ဒေါ်ရှိသီသည် တယ်လီဖုန်းကို စိုက်ကြည့်နေမိ၏။ တစ်ခဏအတွင်း အယ်လင်ကို တယ်လီဖုန်းဖြင့် စကားပြော၍ ရနိုင်သည်။ သို့ပေမဲ့ မဖြစ်။ ဘယ်အတွက်ကြောင့် သူကစပြီး ဒူးထောက်အလျှော့ပေးရမည်နည်း။ သောက်လက်စ စီးကရက်ကို ပြာခွက် ထဲတွင် ထိုးခြေပစ်လိုက်၏။ သူ့စိတ်ပင် တော်တော်ကြီး တည်တည်ငြိမ်ငြိမ်

ဖြစ်သွားသည်။ သည်တော့ ဘာကိစ္စ လက်တွန့်နေရပါမည်နည်း။ ဆေးလုံး ကလေးတွေကို သောက်မည်။ ဆေးစွမ်းပြ ပါလျှင် အားလုံး အဆင်ပြေမည်။ ဆေးစွမ်းမပြတော့ကော လက်ထပ်လိုက်ရုံပေါ့။ သူ စဉ်းစားကြည့် သည်။ သူ့ဖေဖေ အမျက်ဒေါသထွက်သည့်တိုင် မောင်နှင့် လက်ထပ်ရမည်မှာ ဘယ်လောက် ပျော်ရွှင် ချမ်းမြေ့ဖွယ် ကောင်းလိုက်ပါမည်နည်း။ ဘာပဲ ဖြစ်ဖြစ်ပါ။ ဖေဖေ့ငွေတွေကို သူ မမက်မောပါ။

အခန်းဝသို့ လျှောက်သွားပြီး တံခါးကို သော့ခတ်လိုက်သည်။ နောက် ရင်ထဲတွင် စိမ့်ခနဲ ဖြစ်သွားသည်။ လောလောဆယ် သူ လုပ်တော့မည့် အလုပ်သည် သူကျွမ်းဝင်ပြီး၊ ယဉ်ပါးပြီးသည့် အလုပ်မျိုးမဟုတ်။ သည်းထိတ်ရင်ဖို ဖွယ်အလုပ်မျိုးသာ ဖြစ်နေ၏။

ရေချိုးခန်းထဲ ရောက်သောအခါ ကြွေခွက်ပေါင်ပေါ်မှ စာအိတ်ကလေးကို ယူလိုက်၏။ အနား တစ်ဖက်ကို ဆွဲထုတ်လိုက်ပြီး အထဲမှ ဆေးလုံးကလေး နှစ်လုံးကို လက်ဝါးပေါ်သို့ သွန်ချလိုက်သည်။ ဆေးလုံးကလေးတွေ၏ အရောင်မှာ မီးခိုးလိုလို၊ အဖြူလိုလို။ စားချင့်စဖွယ် ကြွေရောင်တောက်နေ သေးသည်။ ပုံသဏ္ဍာန်မှာ ရှည်မျောမျော၊ ပုလဲလုံးကလေးတွေနှင့်ပင် တူ သေးသည်။ ထို့နောက် စာအိတ်အလွတ်ကို အမှိုက်ပုံးထဲသို့ ပစ်ချရင်း ခေါင်းထဲတွင် အတွေးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။ ‘တကယ်လို့ ဒီဆေးလုံးတွေကို ငါမစားခဲ့ရင်ကော’

နက်ဖြန်ဆို သူတို့နှစ်ယောက် လက်ထပ်ဖြစ်ကြပေမည်။ ငွေကျောင်းပိတ်ချိန်ထိ စောင့်နေကြ မည့်အစား၊ သို့မဟုတ် နှစ်နှစ်ကျော်မျှ ကြာဦးမည့် ဘွဲ့ရချိန်အထိ စောင့်နေရမည့်အစား နက်ဖြန်ည တွင် သူတို့နှစ်ယောက် လက်ထပ်ဖြစ်ကြပေမည်။

သို့သော် ဤသို့ပြုလုပ်ခြင်းသည် တရားရာကျမည်မဟုတ်။ သည်ဆေးလုံး

တွေဖြင့် ‘စမ်းကြည့်’ဦးမည်ဟု သူ ကတိပေးထားခဲ့သည် မဟုတ်လား။ မနက်ဖြန်အထိပေါ့။

ဖန်ခွက်ကို မြှောက်လိုက်၏။ ဆေးလုံးကလေးတွေကို ပါးစပ်ထဲ ပစ်သွင်းလိုက်သည်။ ပြီးတော့ ရေကို တစ်ကျိုက်တည်း သောက်ချလိုက်သည်။

***

# (၄)

စာသင်ခန်းသည် စတော့ဒတ်ကောလိပ်ရှိ အဆောက်အအုံသစ်တွေထဲမှ တစ်ခုသော အဆောက်အအုံတွင် ရှိ၏။ စာသင်ခန်း၏ ပုံသဏ္ဌာန်မှာ စတုဂံပုံရှိပြီး အကာတစ်ဖက်ကို သစ္စာတူမှန် သားများဖြင့် ကာရံထားသည်။ စာသင်သားများထိုင်ရန် ခုံတန်းရှစ်တန်းသည် ကထိက စာသင်သည့် ခုံမြင့်နှင့် မျက်နှာချင်းဆိုင်ရှိနေသည်။ ခုံတန်းတစ်တန်းလျှင် သစ္စာတူထိုင်ခုံဆယ်ခုံရှိသည်။ သစ္စာတူ ထိုင်ခုံများ၏ လက်ယာဘက်တွင် လက်တင်တန်းအစား စာရေးရန် သစ္စာတူပြားကလေးတွေ ခပ်မြင့်မြင့် တပ်ပေးထားသည်။

သူက စာသင်ခန်း၏ နောက်ဘက်ကျကျတွင် ဝင်ထိုင်သည်။ သူ့ထိုင်ခုံသည် ပြတင်းပေါက် နှင့် ကြားတစ်ခုံသာ ခြားသည်။ သူ့လက်ဝဲဘက်ရှိ ထိုင်ခုံသည် ပြတင်းပေါက်နားတွင် ကပ်နေသော ခုံဖြစ်၏။ လူမရှိသေး။ သည်ထိုင်ခုံသည် ဒေါ်ရီသီ၏ ခုံ။ ဤအချိန်သည် နံနက်ပိုင်းတွင် ပထမဦးဆုံး သော စာသင်ချိန်။ လူမှုသိပ္ပံဘာသာရပ် သင်သည်။ သည်ဒုတိယနှစ်ဝက်တွင် သည်အချိန်တစ်ချိန်ပဲ သူတို့နှစ်ယောက် အခန်းတူ၊ အချိန်တူကျသည်။ ဆရာ့အသံသည် နေခြည်ဖြူးသည့် လေထုထဲတွင် ပျံ့လွင့်နေသည်။

နေ့ပေါင်းများစွာထဲမှ သည်နေ့တွင်တော့ သည်သူငယ်မ အချိန်မီရောက်လာအောင် ကြိုးစားဖို့ ကောင်းပါသည်။ သူသည် သောကဝေဒနာတွေကြောင့် မလှုပ်နိုင်၊ မရှားနိုင်လောက်အောင် အကြော တွေ ဆိုင်းနေ

လိမ့်မည်ဆိုသည်ကို သည်သူငယ်မ မသိလေရော့သလား။ အဖြေသည် နိဗ္ဗာန်ဘုံလား၊ ငရဲဘုံလား။ နှလုံးစိတ်ဝမ်း ချမ်းသာရမည်လား၊ သို့မဟုတ် သူ စဉ်းပင်မစဉ်းစားချင်သည့် အရှုပ် ဇာတ်ကြီးလား။ လက်ပတ်နာရီကို ကြည့်လိုက်၏။ ၉ နာရီ ၈ မိနစ်။ သေတော့မှာပဲ။

ကိုယ်ကို ရွှေ့စောင်းထိုင်လိုက်၏။ သော့တွဲကြိုးကလေးကို လက်ဖြင့်ဂနာမငြိမ် ကိုင်နေမိ သည်။ သူ့ရှေ့တည့်တည့်တွင် ထိုင်နေသည့် ကောင်မလေး၏ ကျောပြင်ကို စိုက်ကြည့်နေမိသည်။ ပြီးတော့ ကောင်မလေး၏ ဘလောက်စ်အင်္ကျီပေါ်မှ အဝိုင်းအစက်ကလေးတွေကို စတင်ရေတွက်နေ မိ၏။

အခန်း၏ ဘေးတံခါး အသာအယာ ပွင့်သွားသည်။ သူ့ခေါင်းသည် ချာခနဲ လည်သွား၏။

'ကလေးမ'ကို ကြည့်ရသည်မှာ ရင်တုန်ဖွယ်ရာပါကလား။ မျက်နှာတစ်ခုလုံး ဖြူရော်နေ သဖြင့် ပါးနီဆိုးထားသည်မှာ ဆေးသုတ်ထားသလိုပင် ဖြစ်နေသည်။ မျက်ကွင်းတွေလည်း ညိုနေ သည်။ တံခါးပွင့်လျှင်ပွင့်ချင်း ဒေါ်ရိုသီက သူ့ကိုလှမ်းကြည့်သည်။ ပြီးတော့ မည်ကာမတ္တမျှဖြစ်သည့် လှုပ်ရှားမှုကလေးဖြင့် ခေါင်းယမ်းပြလိုက်သည်။

ဘုရား ဘုရား။ မျက်နှာကို သူ့လက်ထဲမှ သော့တွဲကြိုးကလေးဆီသို့ ပြန်လှည့်လိုက်ပြီး စိုက်ကြည့်နေမိသည်။ သူ့တစ်ကိုယ်လုံး အကြောတွေ သေသွားပြီ။ သူ့နောက်မှ ကွေ့ပတ်လာပြီး သူ့ လက်ဝဲဘက်တွင် ဝင်ထိုင်လိုက်သည့် သူငယ်မ၏ လှုပ်ရှားသံတွေကို ကြားနေရသည်။ နောက်ပြီး သူတို့နှစ်ဦး၏ ထိုင်ခုံကြားရှိ ကြမ်းပေါ်သို့ စာအုပ်တွေချလိုက်သံ၊ နောက်ပြီး စာရွက်ပေါ်တွင် ကလောင်ဖြင့် ရေးခြစ်နေသံ၊ နောက်ဆုံး စာရွက်တစ်ရွက်ကို စာအုပ်မှ ဆုတ်ဖြဲလိုက်သံတွေကို ကြားနေရသည်။

သူ လှည့်ကြည့်လိုက်၏။ အမျိုးသမီးလက်သည် သူ့ဘက်သို့ ဆန့်တန်းထားသည်။ လက်ထဲ တွင် အပြာအနားကွပ်ထားသည့် စာရွက်ခေါက်ကလေးတစ်ခု။ အမျိုးသမီးက သူ့ကိုကြည့်နေသည်။ ဝိုင်းစက်ပြူးကျယ်သော မျက်လုံးအစုံဝယ် ကြောင့်ကြရိပ်များ လွှမ်းလျက်။

သူက စာရွက်ကို ယူသည်။ ပေါင်ပေါ်တွင်တင်ပြီး ဖွင့်သည်။

ကိုယ်တွေ ချစ်ချစ်တောက်ပူပြီး အန်တယ်။

ဒါပေမဲ့ ဘာမှ မထူးဘူး။

သူသည် မျက်လုံးတွေကို တဒင်္ဂမျှ စုံမှိတ်လိုက်မိ၏။ နောက် ပြန်ဖွင့်ပြီး အမျိုးသမီးဘက် လှည့်လိုက်၏။ သူ့မျက်နှာက ဘာမျှ ထူးခြားမှုမရှိဟန်။ သူငယ်မက နှုတ်ခမ်းကလေး တင်းတင်းစေ့ ပြီး ပြုံးပြသည်။ ရင်မောပြုံး။ သူက ပြန်ပြီးပြုံးပြနိုင်အောင် အားထုတ်လိုက်၏။ သို့သော် ပြုံး၍မရ။ သူ့မျက်လုံးတွေသည် သူ့လက်ထဲမှ စာရွက်ကလေးဆီ ပြန်ရောက်သွား၏။ စာရွက်ကလေးကို ပြန်ပြီး ခေါက်သည်။ နောက်ထပ်တစ်ခါခေါက်သည်။ သေးသေးကျစ်ကျစ် စာရွက်ခေါက်ကလေးဖြစ်သည် အထိ ခေါက်သည်။ ပြီးတော့ အိတ်ထဲထည့်ထားလိုက်၏။ ထို့နောက် လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် ထိုင်ရင်း ကထိကကို လှမ်းကြည့်နေတော့၏။

မိနစ်အနည်းငယ်ကြာမှ ဒေါ်ရိုသီဘက်သို့ လှည့်ကြည့်နိုင်စွမ်းသည်။ ပြီးတော့ အားပေးပြုံး ကလေး ပြုံးပြပြီး "မပူပါနဲ့"ဟူသော စကားလုံးများကို အသံမထွက်စေဘဲ နှုတ်ခမ်း လှုပ်ရုံမျှဖြင့် လှမ်းပြောသည်။

***

၉ နာရီ ၅၅ မိနစ်မှ ခေါင်းလောင်းထိုးသောအခါ အခြား အခြားသော ကျောင်းသူ ကျောင်းသားတွေနှင့်အတူ စာသင်ခန်းထဲမှ ထွက်ခဲ့ကြ၏။ အခြားသူတွေကတော့ ရယ်လို့မောလို့။ တွန်းလို့ထိုးလို့။ နီးကပ်လာပြီဖြစ်သည့် စာမေးပွဲတွေအကြောင်း ညည်းလို့တွားလို့။ အပြင်ရောက် သောအခါ သူတို့နှစ်ယောက်သည် လူတွေကျပ်နေသည့် စင်္ကြံလမ်းပေါ်မှ ခွဲထွက်ခဲ့ကြသည်။ နောက်ပြီး ကျောင်းဆောင်ကြီး၏ အုတ်နံရံအရိပ်အောက်တွင် ရပ်နေလိုက်ကြသည်။

ဒေါ်ရီသီ၏ ပါးကလေးတွေ သွေးရောင်ပြန်လွှမ်းလာသည်။ သူငယ်မက ကပျာကယာ ပြောသည်။ "အဆင်ပြေသွားမှာပါကွယ်၊ ဒေါ်ရီ သိပါတယ်။ အဆင်ပြေသွားမှာပါ။ မောင် ကျောင်းထွက်ဖို့ မလိုပါဘူး။ မောင် အစိုးရဆီက ထောက်ပံ့ကြေး ပိုရမှာပေါ့၊ မိန်းမနဲ့ ဆိုရင်လေ၊ ဟုတ်တယ် မဟုတ်လား"

"တစ်လ တစ်ရာ့ငါးဒေါ်လာနဲ့လေ"သူ့လေသံကို ငေါ့တော့တော့ လေသံမဖြစ်အောင် ထိန်းမထားနိုင်တော့။

"တခြားလူတွေလည်း ဒီလခနဲ့ နေနိုင်ကြသားပဲ မောင်။ ဒေါ်ရီတို့လည်း နေနိုင်ရမှာပေါ့"

သူက စာအုပ်တွေကို မြက်ခင်းပေါ်သို့ ချလိုက်၏။ အရေးကြီးသည်မှာ အချိန်ဆွဲနိုင်ဖို့၊ စဉ်းစားချိန်ရဖို့။ သူ့ဒူးတွေ တဆတ်ဆတ် တုန်ခါလာတော့မည်လားဟု စိုးရိမ်စိတ်တွေ ဝင်လာမိ သည်။ သူက ပြုံးပြီး အမျိုးသမီး၏ ပခုံးကလေးကို ဖက်ထားလိုက်ကာ-

"ဒီလို စိတ်ဓာတ်မျိုး ရှိမှပေါ့။ ဘာမှ မပူပါနဲ့ကွယ်"

ပင့်သက်တစ်ချက်မှျ ရှိုက်လိုက်၏။

"သောကြာနေ့ ညနေကျရင် ကိုယ်တို့ မြူနီစီပယ်ရုံးကိုသွားကြ. . ."

"ဟင်. . .သောကြာနေ့မှ ဟုတ်လား"

"ကလေးရယ်၊ ဒီနေ့ပဲ အင်္ဂါနေ့ ဖြစ်နေပြီ။ ခုမှတော့ သုံးရက်လောက်နဲ့ ဘာမှ ပိုထူးမသွား တော့ပါဘူးကွယ်"

"ဒေါ်ရီက ဒီနေ့သွားကြမယ် ထင်ထားတာ"

သူက အမျိုးသမီး၏ ကုတ်အင်္ကျီကော်လံကို လက်ဖြင့် တို့ထိရင်း-

"မဖြစ်ဘူး ဒေါ်ရီ၊ လက်တွေ့ကျကျ စဉ်းစားစမ်းပါ။ ကိုယ်တို့ ပြင်ဆင်စရာတွေ အများကြီး ရှိသေးတယ်လေ။ ပထမဆုံး ကိုယ့်သွေးကို စစ်ရဦးမယ်။ အဲဒါကတော့ စစ်မှဖြစ်မယ်။ နောက်ပြီး သောကြာနေ့ ကိုယ်တို့ လက်ထပ်ပြီးရင် တစ်ပတ်လုံးလုံး ပျားရည်ဆမ်းခရီး ထွက်လို့ရတာပေ့ါ။ နယူးဝါရှင်တန်ဟိုတယ်မှာ ကိုယ်တို့နှစ်ယောက်အတွက် အခန်းငှားထားလိုက်မယ်လေ"

သူငယ်မသည် မဝေခွဲနိုင်ဟန်ဖြင့် မျက်မှောက်ကြုတ်နေသည်။

"သုံးရက်လောက် ကွာသွားတာနဲ့ ဘာများ ပိုထူးသွားမှာမို့လဲကွာ"

"မောင်ပြောတာ ဟုတ်ပါလိမ့်မယ်"

အမျိုးသမီးက သက်ပြင်းချသည်။

"ဒီကလေးဟာ မောင့်ကလေးပါကွယ်"

အမျိုးသမီးက သူ့လက်ကို ဆွဲကိုင်လိုက်၏။

"ခု. . .ခုဟာက မောင်ဖြစ်စေချင်သလို ဖြစ်မလာဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒီအတွက် မောင်ပျော်တယ် မဟုတ်လားဟင်"

"ဆိုပါဦး၊ မင်းက ဘယ်လိုထင်လို့လဲ။ ကိုယ်ပြောမယ်၊ ငွေကြေးဆိုတာ ဒီလောက်ကြီး အရေး ကြီးတာ မဟုတ်ပါဘူး။ ကိုယ်ထည့်တွက်နေတာက

မင်းအတွက်ပါ"

သူငယ်မ၏ မျက်လုံးအစုံသည် နွေးထွေးနေသည်။ အကြင်နာတွေ လွှမ်းနေသည်။

သူက လက်ပတ်နာရီကို ကြည့်လိုက်၏။ "ဆယ်နာရီ အတန်းရှိတယ် မဟုတ်လား"

"အချိန်က အရေးမကြီးပါဘူး။ လစ်လို့ ရပါတယ်"

"မလစ်ပါနဲ့။ အကြောင်းထူးမရှိဘဲ မနက်ပိုင်း အတန်းတွေ မလစ်ပါနဲ့ကွာ" အမျိုးသမီးက သူ့လက်ကို ဖျစ်ညှစ်လိုက်၏။ သူက-

"ည ရှစ်နာရီကျ ကိုယ်လာတွေ့မယ်လေ၊ ဟိုခုံမှာပဲပေါ့"

အမျိုးသမီးသည် ဆုတ်ဆိုင်းဆိုင်းဖြင့် တစ်ဖက်သို့ လှည့်သွားသည်။

"အို. . .ဒေါ်ရီရေ. . ."

"ဘာလဲမောင်"

"မင်းအစ်မကိုတော့ ဘာမှ မပြောရသေးဘူး မဟုတ်လား"

"အယ်လင်ကိုလား၊ ဟင့်အင်း မပြောပါဘူး"

"အင်း. . .မပြောတာ ကောင်းပါတယ်၊ ကိုယ်တို့ လက်ထပ်မပြီးသေးခင်တော့ မပြောတာ ကောင်းပါတယ်"

"သူ့ကို ကြိုပြီး ပြောပြထားဖို့ စီစဉ်ပါသေးတယ်။ ဒေါ်ရီတို့နှစ်ယောက်က သိပ်တွယ်တာကြ တာ မဟုတ်လား။ သူ့ကို ပြောမပြဘဲ လုပ်ဖို့တော့ ဝန်လေးတယ် မောင်"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး သူက မင်းကို ဥပေက္ခာပြုခဲ့တယ်ဆိုရင်"

"ဥပေက္ခာပြုတာ မဟုတ်ပါဘူး"

"ဒီစကားလုံးက မင်းသုံးနေကျ စကားလုံးပဲလေ။ ဘာပဲဖြစ်ဖြစ်လေ၊ သူ့အနေနဲ့ မင့်ဖေဖေကို တော့ ပြောပြရတော့မှာပေါ့။ ဒါဆို အဘိုးကြီးက ကိုယ်တို့ကို တားဖို့ဆီးဖို့ လုပ်နိုင်တယ်နော်"

"ဖေဖေက ဘာလုပ်နိုင်မှာမို့လဲ"

"မသိဘူးလေ၊ သူက တစ်ခုခုတော့ လုပ်မှာပဲ။ မဟုတ်ဘူးလား"

"ကဲ၊ ကောင်းပါပြီတဲ့ရှင်၊ မောင်ပြောတဲ့အတိုင်းပါပဲတဲ့"

"လက်ထပ်ပြီးပြီးချင်း အယ်လင့်ကို ချက်ချင်း လှမ်းဆက်လိုက်ပေါ့။ အဲဒီအခါကျတော့ လူတိုင်း လူတိုင်းကို ကိုယ်တို့ ပြောပြလိုက်ရုံပေါ့"

"ကောင်းပါပြီတဲ့ရှင်"

နောက်ဆုံး နှုတ်ဆက်အပြုံးကလေး ပြုံးပြပြီး အမျိုးသမီးသည် နေခြည်ဖြာသည့် လမ်း ကလေးဆီသို့ လျှောက်သွားသည်။ ဆံပင်ကလေးတွေက ရွှေရောင်ဝင်းလျက်။ သူငယ်မ ထောင့်ချိုး တစ်ခုတွင် ကွေ့ဝင်ပျောက်ကွယ်သွားသည်အထိ သူက စောင့်ကြည့်နေသည်။ ထို့နောက် စာအုပ်တွေ ကိုကောက်ကိုင်သည်။ သူငယ်မနှင့် ဆန့်ကျင်ရာအရပ်သို့ လျှောက်လှမ်းခဲ့သည်။ တစ်နေရာရာမှ ပေါ်ထွက်လာသည့် 'ကျွီ'ခနဲ ကားဘရိတ်ဖမ်းလိုက်သံကြောင့် သူ လန့်သွားသည်။ တောကြီး မျက်မည်းထဲတွင် ငှက်တစ်ကောင် လန့်ပြီး ပျံသွားသည့်အသံမျိုး။

***

ခေါင်းထဲတွင် ဘာမျှ ရေရေရာရာ ဆုံးဖြတ်ချက် မချမိသည့်တိုင် တစ်နေ့

တာအတွက် တက်ဖို့ ကျန်နေသေးသည့် အတန်းတွေကို မတက်မိတော့။ မြို့ထဲတွင် ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။ ပြီးတော့ မြစ်ရှိရာဘက်သို့ လျှောက်ခဲ့သည်။ မြစ်ရေမှာ ပြာလဲ့နေခြင်းမရှိဘဲ ရွှံ့နှစ်ရောင် ပေါက်နေသည်။ မော်တင်လမ်းတံတားပေါင်ကိုမှီရင်း ရေတွေကို ငေးကြည့်နေမိသည်။ နောက် စီးကရက် တစ်လိပ် သောက်နေမိသည်။

ခုမှ ပြဿနာ။ တံတားအခြေတွေကို ညိုညစ်ညစ် မြစ်ရေတွေ ဝိုင်းပတ်ရိုက်ပုတ်နေသည့် နည်းတူ ပေါ်ပေါက်လာသည့် ပြဿနာကလည်း သူ့ကို လွှမ်းခြုံရစ်ပတ်နေလေပြီ။ သည်မိန်းကလေး ကို လက်ထပ်မလား၊ စွန့်ပစ်မလား။ မိန်းမတစ်ယောက်၊ ကလေးတစ်ယောက်နှင့်အတူ ခြူးတစ်ပြား မျှမရှိသည့် ဘဝကို ရင်ဆိုင်မည်လား၊ သို့တည်းမဟုတ် သည်မိန်းကလေး၏ဖခင် လိုက်လံ နှောင့်ယှက် အန္တရာယ်ပေးခြင်းကို ရင်ဆိုင်မည်လား။ ‘ခင်ဗျား ကတော့ ကျုပ်ကိုသိမှာမဟုတ်ဘူး။ ကျုပ်နာမည်က လီယိုကင်းရှစ်လေ။ ကျွန်တော် ပြောပြချင်တာက ခင်ဗျား လောလောလတ်လတ် အလုပ်ခန့်ထားလိုက်တဲ့ ကောင်လေးအကြောင်းပါ။ ခင်ဗျားသမီး တွဲနေတဲ့ ကောင်လေးလေ။ သူ့ အကြောင်း ခင်ဗျားတို့ သိထားသင့်တာက. . .’ကဲ နောက်ဘာတွေ ဆက်ပြောလိမ့်မည်နည်း။ သူ့ အနေဖြင့် ပြေးစရာမြေရှိ၊ အိမ်ပြန်ရုံပဲ ရှိသည်။ သူ့မေမေအကြောင်း တွေးမိပြန်သည်။ သူ့သား အကြောင်း တစ်သက်လုံး ဂုဏ်ယူလာခဲ့သည့် မေမေ။ အနီးအနား ပတ်ဝန်းကျင်မှ ကလေးတွေကို သူ့သားနှင့် ယှဉ်ပြီး လှောင်ပြောင်သရော်ခဲ့သည့် မေမေ။ နောက်ဆုံးတော့ မေမေသည် သူ့သားကို ကုန်စုံဆိုင် စာရေးဘဝဖြင့်သာ တွေ့မြင်ရတော့မည်။ နွေကျောင်းပိတ်ရက်ကလေးမျှ မဟုတ်။ ရာသက်ပန် တွေ့ရချေတော့မည်။ သို့မဟုတ်လျှင်လည်း အောက်တန်းကျလှသည့် စက်ရုံ တစ်ခုခုတွင် တွေ့ရကောင်း တွေ့ရပေလိမ့်မည်။ ဖေဖေသည် သူ့မေမေ၏

မျှော်မှန်းချက်တွေအတိုင်း အောင်မြင် အောင် အကောင်အထည် မဖော်နိုင်ခဲ့ရှာ။ ထိုအခါ ဖေဖေ့အပေါ် ထားရှိခဲ့သည့် မေမေ့ မေတ္တာတရား တွေသည် ခါးသီးမှုနှင့် မုန်းတီးမှုတွေအဖြစ်သို့ ပြောင်းလဲသွားပြီး အဘိုးကြီး၏ဘဝကို ခြေမွပစ်ခဲ့ သည်မဟုတ်ပါလား။ မေမေသည် သည်တရားတွေကို သူ့အတွက်ကော သိုလှောင်သိမ်းဆည်းထား လေသေးသည်လား မသိ။ ဘုရား ဘုရား။ ဆေးလုံးကလေးတွေသည် ဘာကြောင့်များ သည်သူငယ်မ ကို အသေသတ်မပစ်လိုက်ကြပါလိမ့်။

အကယ်၍ သူငယ်မကို ခွဲစိတ်ပြီး ကိုယ်ဝန်ဖျက်ချချင်လာအောင် စွမ်းဆောင်နိုင်လျှင် မည်မျှ ကောင်းလေမည်နည်း။ သို့ပေမဲ့ မလွယ်။ သူငယ်မက လက်ထပ်ဖို့ကိုသာ ယတိပြတ် ဆုံးဖြတ်ထား သည်။ သူက ခွဲစိတ်ပါရန် တောင်းပန်သည့်တိုင် သည်လောက် အန္တရာယ်ကြီးသည့် ကိစ္စကို လက်မခံ မီ သူ့အစ်မအယ်လင်နှင့် တိုင်ပင်ဦးမည်မုချ။ နောက်ပြီး လက်ခံသည်ထားဦးတော့ သူတို့ ငွေ ဘယ်က ရမည်နည်း။ ဆိုပါစို့ တစ်ခုခု ဖြစ်ပြီဆိုလျှင်၊ ဆိုပါစို့ သူငယ်မ သေဆုံးသွားလျှင်. . .။ သည်ပြဿနာ တွင် သူသည် ပါဝင်ပတ်သက်နေရတော့မည်။ သည်ကိစ္စတွေ အားလုံးကို သူပင် စီစဉ်ဖန်တီးရမည် မဟုတ်လား။ နောက်ဆုံးတော့ စခဲ့သည့် နေရာကိုပင် ပြန်ရောက်ဦးမည်။ အမျိုးသမီးအဖေက သူ့ကို လိုက်ပြီး ဒုက္ခပေးဦးမည်။ သူငယ်မ၏ သေဆုံးမှုသည် သူ့ကို စိုးစဉ်းမျှ ကောင်းကျိုးပေးလိမ့်မည် မဟုတ်။

သူငယ်မ သည်ပုံသည်နည်းဖြင့် သေဆုံးခဲ့လျှင်တော့ အကျိုးရှိမည် မဟုတ်။

ဆေးအနက် သုတ်ထားသည့် တံတားပေါင်ပေါ်တွင် အသည်းပုံကလေး ရေးခြစ်ထားသည်။ အသည်းကို ထုတ်ချင်းခပ် စူးဝင်နေသည့် မြားတံ၏

အစွန်းနှစ်ဖက်တွင် နာမည်အတိုကောက် စာလုံး ကလေးနှစ်လုံး ထိုးထားသည်။ သူသည် ပန်းချီပုံကလေးကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ နောက်ပြီး ကောက်ကြောင်းအတိုင်း လက်သည်းဖျားကလေးဖြင့် လိုက်လံရေးခြစ်နေမိသည်။ သူ့ ရင်ထဲတွင် လတ်တလော ကြွတက်လာသည့် အတွေးနှင့် ဆန္ဒတွေကို ကြိုးစားပြီး ဖျောက်ဖျက်ပစ် နေမိသည်။ ရေးခြစ်ထားသည့် ကောက်ကြောင်းနေရာများတွင် သုတ်ထားသည့် ဆေးအထပ်အလွှာ များကို တွေ့နေရသည်။ ပထမ အနက်ရောင်၊ အောက်က လိမ္မော်ရောင်၊ နောက် အနက်၊ လိမ္မော်၊ အနက်၊ လိမ္မော်။ သည်အရာတွေကို တွေ့ရတော့ ဘူမိဗေဒစာအုပ်ထဲမှ ကျောက်သား အထပ်လွှာများ ၏ ပုံများကို သွားသတိရမိသည်။ ကွယ်လွန်သေဆုံးခဲ့ပြီဖြစ်သော ခေတ်ကာလများ၏ မှတ်တမ်း များ။

သေဆုံးခြင်း၊ ကွယ်လွန်ခြင်း။

ခဏကြာတော့ သူ့စာအုပ်တွေကို ကောက်ကိုင်လိုက်၏။ နောက် တံတားပေါ်မှ တရွေ့ရွေ့ ထွက်ခွာလာခဲ့သည်။ မော်တော်ကားတွေသည် သူ့ဆီသို့ ဦးတည် ပြေးလာကြသည်။ ထို့နောက် ‘ဂူး’ ခနဲ မြည်ပြီး သူ့ဘေးမှ ဖြတ်ကျော်သွားကြသည်။

***

မြစ်ကမ်းနံဘေးရှိ ချောင်ကျကျ စားသောက်ဆိုင်ကလေးထဲသို့ ဝင်ခဲ့သည်။ ပြီးတော့ အမဲ သားညှပ်ပေါင်မုန့် ကော်ဖီတစ်ခွက်မှာသည်။ ကော်ဖီကို တမြုံ့မြုံ့စုပ်ရင်း မှတ်စုစာအုပ်နှင့် ဖောင်တိန် ပင်ကို ထုတ်ယူလိုက်သည်။

သူ့အတွေးအာရုံထဲသို့ ပထမဦးဆုံး ဝင်ရောက်လာသည်မှာ သူ စစ်တပ်မှ ထွက်ကတည်းက ယူထားလိုက်သည့် ၄၅ ကိုလ် အမျိုးအစား ခြောက်လုံးပြူးသေနတ်ဖြစ်၏။ ကျည်ဆန်တွေကိုတော့ အခက်အခဲမရှိ ရယူနိုင်သည်။ သို့သော် သည်ကိစ္စကို သူ တကယ်ပြုလုပ်တော့မည် ဆိုပါလျှင် သေနတ်ကို အသုံးပြု၍မကောင်း။ သည်ကိစ္စသည် မတော်တဆမှု၊ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုမျိုး ဖြစ်နေမှ သင့်လျော်မည်။ သေနတ်ကို အသုံးပြုခြင်းဖြင့် အခြေအနေတွေ အရမ်း ရှုပ်ထွေးလာနိုင်သည်။

အဆိပ်ကိုသုံးဖို့ စဉ်းစားမိသည်။ သို့သော် အဆိပ်က ဘယ်က ရမည်နည်း။ ဟာမီဂေါ့ဆင်း ဆီကပဲ ဝယ်မည်လား။ မဖြစ်။ ဆေးဝါးဌာနကတော့ ရနိုင်သည်။ ဆေးဝါးများ ထုတ်ပေးသည့် အခန်း တွင်းသို့ ဝင်ရောက်ရန်မှာ သိပ်ခဲယဉ်းလှမည် မဟုတ်။ စာကြည့်တိုက်သို့သွားပြီး သုတေသနလုပ်ငန်း အနည်းအကျဉ်းတော့ ပြုလုပ်ရမည်၊ မည်သည့် အဆိပ်အမျိုးအစားကို အသုံးပြုရမည်ဟု. . .။

သည်ကိစ္စသည် မတော်တဆမှု၊ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုဟုသာ ထင်မြင်ကြရ မည်။ မဟုတ်လျှင် ပုလိပ်တွေက သူ့ကိုသာ ပထမဦးဆုံး မယုံသင်္ကာ ဖြစ်ကြပေလိမ့်မည်။

သည်ကိစ္စကို သူ အကောင်အထည်ဖော်တော့မည်ဆိုလျှင် ကရုဏာထားစရာ အသေးစိတ် ကလေးတွေ အများကြီးရှိသည်။ သည်နေ့ အင်္ဂါနေ့။ လက်ထပ်မည့်ကိစ္စကို သောကြောနေ့ထက် နောက်ကျပြီး ရွှေ့ဆိုင်းလို့ မကောင်းတော့။ ကြာလျှင် စိုးရိမ်ပူပန်စိတ်တွေပွားပြီး အယ်လင်ကို သူ ဖွင့်ပြောချေတော့မည်။ သောကြာနေ့သည် နောက်ဆုံးနေ့။ သည်တော့ အစီအစဉ်တွေက အလွန်မတန် မြန်ဆန်ပြီး ပိပိရိရိ သတိဝီရိယကြီးစွာ

ပြုလုပ်ရပေမည်။

ရေးခြစ်ထားသည့် မှတ်စုကလေးတွေကို ကြည့်လိုက်သည်။

၁။ သေနတ် (မဖြစ်)

၂။ အဆိပ်

(က) ရှေးရန်

(ခ) ရယူရန်

(ဂ) အကောင်အထည်ဖော်ရန်

(ဃ) အမြင်အားဖြင့်

(၁) မတော်တဆမှု၊ သို့မဟုတ်

(၂) ကိုယ့်ကိုယ်ကိုယ် သတ်သေမှု။

ဤသည်ကလည်း သည်ကိစ္စကို သူ ပြုလုပ်ချင်သည့် ဆန္ဒရှိမှပါ။ လောလောဆယ်အားဖြင့် တော့ တွက်ချက်ကြည့်နေခြင်း သက်သက်မျှသာ ရှိသေးသည်။ အသေးစိတ် အချက်အလက်ကလေး တွေတော့ ရှာဖွေကြည့်ရဦးမည်။ ဉာဏ်ကစားကြည့်ခြင်း တစ်မျိုးပေါ့။

စားသောက်ဆိုင်ထဲမှထွက်ပြီး မြို့ထဲဆီသို့ လှမ်းလာသည့်အခါ သူ့ခြေလှမ်းတွေသည် ပေါ့ပါး နေသည်။ အေးဆေးနေသည်။ တည်ငြိမ်နေသည်။

***